
# ပုဂံ ရွှေမုဆိုး

(တောင်လုံးပြန်)



mgyoe.com
SAMPLE BOOK
mgyoe.com

mgyoe.com

ကချင်ပြည်နယ်မှ
စစ်ပွဲများ၊ ပြဿနာများ ပြေလည် ငြိမ်းချမ်းစေရန်
တစိတ်တဒေသ ဖြစ်ပါစေခြင်းငှာ၊
ဤဝတ္ထုအား ရေးဖွဲ့ပါသည် ။

မာန်(တောင်လုံးပြန်)




642034005
Price : 1700.00

mgyoe.com SAMPLE BOOK


## ပုံနှိပ်မှတ်တမ်း

| | | |
|---|---|---|
| စာမူခွင့်ပြုချက်အမှတ် | - | ၅၀၀၃၆၂၀၅၁၂ |
| မျက်နှာဖုံးခွင့်ပြုချက်အမှတ် | - | ၅၀၀၄၆၆၀၆၁၂ |
| ပထမအကြိမ် | - | ဇူလိုင်လ၊ ၂၀၁၂ ခုနှစ်။<br>ကံ့ကော်ဝတ်ရည်စာပေ |
| အုပ်ရေ | - | ၅၀၀ |
| မျက်နှာဖုံးပုံနှိပ် | - | ဦးတိုးဝင်း၊ နေလရောင်ပုံနှိပ်တိုက်<br>၉၆/ခ၊ (၁၁) လမ်း၊ လမ်းမတော်၊<br>ရန်ကုန်မြို့။ |
| အတွင်းပုံနှိပ် | - | စွယ်တော်ပုံနှိပ်တိုက်<br>အမှတ် (၁၄၇)၊ (၅၁) လမ်း၊<br>ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။ |
| ထုတ်ဝေသူ | - | ဒေါ်ခင်မာချို၊ ပန်းဝေဝေစာပေ<br>၃၆၀၊ ဗိုလ်အောင်ကျော်လမ်း၊<br>ရန်ကုန်မြို့။ |
| မျက်နှာဖုံးဒီဇိုင်း | - | ဝင်းမြင့်ဦး |
| တန်ဖိုး | - | ၁၇၀၀ ကျပ် |

၈၉၅.၈၃

မာန်(တောင်လုံးပြန်)

ရွှေမှုဆိုး / မာန်(တောင်လုံးပြန်)။ - ရန်ကုန်။

ပန်းဝေဝေစာပေ၊ ပထမအကြိမ်၊ ၂၀၁၂ ခုနှစ်။

စာမျက်နှာ-၁၆၈၊ ၁၃×၂၀ စင်တီမီတာ။

(၁) ရွှေမှုဆိုး


mgyoe.com

mgyoe.com SAMPLE BOOK

# ကျေးဇူးတင်လွှာ

ဤ၀တ္ထုသည် ကချင်ပြည်နယ်၏ သဘာဝအလှတရားများနှင့် မြစ်တစ်စင်း၏ နာမကျန်းမှုကို ဝိုင်းဝန်းကူညီစောင့်ရှောက်ကြသည့် သာမန်ဝတ္ထုမျှသာဖြစ်သည်။ ဆိုလိုသည်မှာ ဝတ္ထုဇာတ်လမ်းက ဘာမှအရေးမကြီး။ အရေးကြီးသည်ကား ဤဝတ္ထု ဖြစ်ပေါ်လာရန် အခြေတည်ခဲ့သည့် ဂျာနယ်မီဒီယာသတင်းထောက်တို့၏ စစ်မှန်သော ရပ်တည်ချက်ဖြစ်သည်။ ဤဝတ္ထုအစိတ်အပိုင်းများစွာတို့သည် ပြင်ပမှ တကယ့် သတင်းထောက်များ၏ သတင်းအရင်းအမြစ်များဖြစ်သည်။

Weekly Eleven၊ Bi Weekly Eleven၊ 7 Days News၊ Popular News စသည့်ဂျာနယ်များမှ သတင်းထောက် ဆရာ၊ ဆရာမများ အပါအဝင် ဆရာမြင့်မောင်ကျော်၊ ဆရာမ ဂျူးနှင့် ကိုမြင့်ဇော်တို့သုံးဦး စီစဉ်ထုတ်ဝေသည့် မလိအင်မိုင်ဗွစ် စာအုပ်၊ ဒေါ်ဒေဝီသန့်စင် စီစဉ်သည့် ဧရာဝတီကိုတော့ မလွှမ်းချင်တော့ပါ စာအုပ်များအပါအဝင် ပညာရှင်များ၊ သုတေသီများ NGO များ၏စွမ်းဆောင်ချက်များကို ဖတ်ရှုလေ့လာ၍ ဝတ္ထု ပြုစုထားခြင်း ဖြစ်သည်။ အထူးသဖြင့် Weekly Eleven မှ ဂျာနယ်လစ် မဖြူနု(စံပယ်ဖြူနု)၊ ကိုဇော်သက်ထွေးနှင့် ဂျာနယ်လစ်အသီးသီးတို့၏ သတင်းများ ဖြင့် ဤဝတ္ထုကို အထူးပြုထားပါသည်။

အဓိက ကျွန်တော်ပြောလိုသည်မှာ အဖိုးတန်သောသတင်းရင်းမြစ်တို့ ဂျာနယ် ထက်မှာပင် လွင့်မျောသွားရမည်ကို မလိုလား၍ဖြစ်သည်။ သူတို့၊သူတို့တစ်တွေ

mgyoe.com

mgyoe.com SAMPLE BOOK

ရေးသားဖော်ပြခဲ့ကြသည့် သတင်းဓာတ်ပုံ၊ ဆွေးနွေးချက်၊ ဟောပြောပို့ချချက်များကြောင့် မြန်မာ့သမိုင်းတွင် အငြိမ်းချမ်းဆုံးနှင့် အထိရောက်ဆုံး မြေကမ္ဘာအောင်ပွဲတစ်ရပ်သည် ကျွန်တော်တို့ရှေ့တွင် ဖြစ်ထွန်းသွားခဲ့သည်။ ဤသည်ကို ကျွန်တော်တတ်သော စာရေးခြင်းအတတ်ဖြင့် ကျေးဇူးဆပ်ခြင်းမျှသာ။ ကျွန်တော်သည် သူတို့၊ သူတို့တစ်တွေ၏ ဂုဏ်သတ္တိများနှင့် လားလားမျှ ယှဉ်ထိုက်သူ မဟုတ်ပါချေ။ ဤစကားဖြင့်ပင် သူတို့ကို ထပ်ဆင့်၍ ဂုဏ်ပြုပါသည်။

ဤဝတ္ထုတွင် ကျွန်တော်သည် ရေသာမခို၊ အချောင်မလိုက် သတင်းရင်းမြစ်တို့၏စွမ်းပကားကို တန်ဆာဆင်၍ တန်ဖိုးထား ရေးဖွဲ့ထားသည်။ ကျွန်တော်ရေးဖွဲ့ပုံ အံမကျမှုကြောင့် ဝတ္ထုကောင်းမကောင်း အာမမခံနိုင်ငြား ထိုထိုသတင်းတို့၏တန်ဖိုးတို့မှာ ကမ္ဘာမြေထက်တွင် ကမ္ပည်းမှတ်ကျောက်တင်နေမည်သာတည်း…။ သူတို့၏ကျေးဇူးကို ကျွန်တော် အံမှတ်ရနေဦးမည်သာ။

မာန်(တောင်လုံးပြန်)

mgyoe.com

mgyoe.com SAMPLE BOOK

# အခန်း (၁)

ကိုမြတ်မင်း၏စကားအဆုံးတွင် အားလုံး တိတ်ဆိတ်စွာ စဉ်းစားနေမိသည်။ အစည်းအဝေးခန်းမတွင်း၌ ပရိုဂျက်တာမှ မီးအလင်းရောင်နှင့်အတူ တက်ရောက်လာသော အမှုဆောင်အဖွဲ့ဝင်တို့၏ မျက်နှာပြင်ထက်၌ ဝေခွဲမရမှုတို့ ထင်ဟပ်နေဆဲပင်။ မေးခွန်းထမေးမြန်းမည့် စကားသံပင် ပေါ်ထွက်မလာပါချေ။

ကိုမြတ်မင်းက တိတ်ဆိတ်နေမှုကို ဖြိုခွဲရန်အတွက် ပရိုဂျက်တာခလုတ်ကို ထပ်၍နှိပ်လိုက်ပါသည်။ မြင်ကွင်းက ပုံစံပြောင်းသွားလေပြီ။ စီမံကိန်းပုံစံအရ ရင်းနှီးမြှုပ်နှံမှုဇယားကွက်ကို လစဉ်အတိုင်းရေးဖွဲ့ထားသည့် မြင်ကွင်းကပေါ်ထွက်လာသည်။ ကိုမြတ်မင်းက ဆက်၍ရှင်းပြပါသည်။

"ကျွန်တော်တို့ဆီမှာ ၂၀၁၀ အတွင်းဖြစ်လာမယ့် ရင်းနှီးမြှုပ်နှံမှုဟာ ဘီလျံ ၁၅၀ ကနေ ၂၀၀ ဝန်းကျင်ဖြစ်လာမယ့် လက္ခဏာပါ။ ဒါက လျှပ်စစ်စွမ်းအားဘက်က ရင်းနှီးမြှုပ်နှံမှုပဲ တွက်ချက်ထားတာ၊ ၂၀၀၉ ခုနှစ်တုန်းက ပြန်ကြည့်ရင် ၃ ဘီလျံလောက်ပဲရှိတယ်။ ကျွန်တော်တို့နဲ့ သက်ဆိုင်တဲ့ဆောက်လုပ်ရေးကို ကြည့်ဦးမလား၊ ၂၀၀၉ ခုနှစ်က ၁၉ ဘီလျံပဲရှိတယ်။ အခု ခန့်မှန်းခြေအရေ ဘီလျံ ၄၀၀ ကနေ ၅၀၀ အထိ ဖြစ်လာနိုင်တယ်။ ဒါတွေအားလုံးဟာ ကြောက်ခမန်းလိလိ တိုးတက်လာတာ အမြင်ပဲ။ ဒါကြောင့် မဖြစ်မနေ ကျွန်တော်တို့ ငွေရင်းငွေနှီးရှာရ

mgyoe.com

mgyoe.com

မယ်။ ကျန်တဲ့ကုမ္ပဏီတွေမှာ ငွေကြေးကျောထောက်နောက်ခံ ရှိချင်ရှိမယ်။ ကျွန်တော်တို့မှာက သူတစ်ပါးအပ်ကုန်ပဲရှိတယ်။ အဲဒီအပေါ်မှာ အကျိုးအမြတ် တွက်ပြီး ကုမ္ပဏီ လည်ပတ်နေရတယ်။ ဒီအထဲကမှ ကြော်ငြာစရိတ်၊ ဝန်ထမ်းစရိတ်တွေ နုတ်ရသေးတယ်။ ဒါကြောင့် ငွေပင်ငွေရင်း ရဖို့ဆိုရင် ကျွန်တော် ပြောတဲ့ စီမံကိန်းကို မြန်မြန်တိုးချဲ့ အကောင်အထည်ဖော်စေချင်ပါတယ်''

''ဆောက်လုပ်ရေးကိုပဲ စာချုပ်များများ မရနိုင်ဘူးလား''

အမှုဆောင်တစ်ဦးဖြစ်သူ ဦးဘသက်က မေးခွန်းထုတ်လာပါသည်။

ကိုမြတ်မင်းက ခေါင်းခါယမ်းနေသည်။ သူ့ဘာမှ ပြောစရာမလို။ ၂၀၁၀ ခုနှစ် နှစ်ဦးပိုင်းမှာပင် ပြည်ပမှလိုမ့်ဝင်လာသော တည်ဆောက်ရေးလုပ်ငန်းကြီးများအတွက် အားလုံး အပြင်းအထန် ကြိုးစားခဲ့ကြပြီးပြီ။ သာမန် ကန်ထရိုက်လုပ်ငန်းလေးများအဖို့ အုတ်စီ၊ အချောကိုင်လုပ်ငန်းလေးများမှအပ မည်သည့်စာချုပ်မှ မချုပ်နိုင်ခဲ့။ ကိုယ့်လုပ်ကွက်မျိုးလည်း မဟုတ်။ အဓိကပြဿနာမှာ ကုမ္ပဏီအနေဖြင့် တစ်ဖက်လူများ ယုံကြည်စိတ်ချနိုင်လောက်သည့် အာမခံချက်လုပ်ငန်းနှင့် ငွေပင်ငွေရင်း မပြည့်စုံခြင်းပင်။ ထိုကိစ္စသည် အထူးရှင်းပြစရာ မလိုပါချေ။ မိမိတို့ကုမ္ပဏီမှ တည်ဆောက်ပေးခဲ့သည့် လုပ်ငန်းများက တစ်နိုင်တစ်ပိုင် လုံးချင်းတိုက်များနှင့် ဆိုင်ခန်းများသာ ဖြစ်သည်ကိုး။ ထိုလုပ်ငန်းလေးများကိုပင် အပ်နှံသူထံမှ ငွေကြိုချပေးသည့်စနစ်ကို လက်ခံဆောင်ရွက်နေရသည်။ ကွန်ဒိုမီနီယံအဆင့်ကိုပင် မတက်နိုင်သေး။

၂၀၁၀ နှစ်ဦးပိုင်းတွင် တည်ဆောက်ရေးကဏ္ဍအတွက် အရင်းအနှီးများက သန်းပေါင်းများစွာ လိမ့်ဝင်လာနေသည်။ ယခုကာလအထိ မိမိတို့ကုမ္ပဏီမှ မည်သည့်စာချုပ်မှ မရသေး။ ကြာလျှင် ကုမ္ပဏီရပ်တည်ရေးအတွက် စိုးရိမ်ရတော့မည်။

ကိုမြတ်မင်းက မီးများ ပြန်လင်းလာသည့်တိုင် ထိုင်ခုံမှာ မထိုင်သေး။ အမှုဆောင် အရာရှိချုပ်ထံမှအဖြေကို မျှော်လင့်နေသည်။ သူ့ဆန္ဒကို နားလည်သဖြင့် အရာရှိချုပ် ဦးသိန်းဇော်က လက်ပြ၍ ထိုင်ခွင့်ပြုပါသည်။ အစည်းအဝေး တက်သူများက ဦးသိန်း ဇော်ပြောမည့်စကားကို အာရုံစိုက်နေကြပါသည်။

''ကောင်းပါတယ် မောင်မြတ်မင်း။ မောင်မြတ်မင်း ပြောတာ သဘာဝကျပါတယ်။ အန်ကယ်တို့လည်း ကိုယ်တတ်နိုင်သလောက် စာချုပ်ရအောင်လုပ်ခဲ့တာပဲ။ ဒါပေမဲ့ ခေတ်က အန်ကယ်တို့ခေတ် မဟုတ်တော့ဘူး။ အန်ကယ်တို့မှာက အငြိမ်းစားဆိုတဲ့နာမည်ပဲ ရှိတော့တာပါ။ အန်ကယ်တို့ပတ်သက်ရာ ပတ်သက်ကြောင်းတွေဆီ လိုက်ခဲ့ပါတယ်။ မရဘူးလေ။ သူတို့က ဘီလျံချီပြီး စကားပြောနေကြပြီ။ အန်ကယ်

mgyoe.com

mgyoe.com SAMPLE BOOK

တို့မှာက တဲဆောက်တဲ့အဆင့်ပဲ ရှိတာကိုး။ ဟုတ်တယ်။ အဓိကက ငွေပင်ငွေရင်း ပဲ။ ကိုယ့်ကုမ္ပဏီက လုပ်ပြထားနိုင်မှ တစ်ဖက်နဲ့ စာချုပ်ကိစ္စပြောလို့ကောင်းတယ်။ တဲဆောက်တဲ့လုပ်ငန်းကို ဘယ်သူမှ တိုက်မဆောက်ခိုင်းဘူး။ မောင်မြတ်မင်း စိုးရိမ်တာ အန်ကယ် သဘောပေါက်ပါတယ်။ ကုမ္ပဏီက ပညာရှင်ပိုင်းက လူတွေ ဘယ်လောက်အထိ ကုမ္ပဏီကလစာနဲ့ ဆက်နေနိုင်မလဲဆိုတာ တကယ်စဉ်းစားစရာ ပါ။ ဟိုမှာက ရောမ ငွေကြေးတွေနဲ့။ လစာကလည်း မက်လောက်စရာတွေ၊ သူတို့ ဆီက ဒရိုင်ဘာတောင် ဒီကအင်ဂျင်နီယာတွေရတဲ့ လစာနီးနီးဖြစ်နေရင် ဘယ်လိုမှ ထိန်းချုပ်နိုင်မှာ မဟုတ်ဘူး။ ဒါကြောင့် မောင်မြတ်မင်း တင်ပြခဲ့တဲ့ ရွှေလုပ်ကွက် ကို အားလုံးပဲ ပြန်စဉ်းစားလေ့လာကြဖို့ တိုက်တွန်းပါတယ်။ ဒါပါပဲ"

ဦးသိန်းဇော်၏စကားအဆုံးတွင် အစည်းအဝေးမှာ ပြန်၍တိတ်ဆိတ်သွားပါ တော့သည်။ အတွင်းရေးမှူး ဦးမြင့်ဝင်းက ကိုမြတ်မင်းနှင့် ဦးသိန်းဇော်ကိုကြည့်၍ ခွင့်ပြုချက်တောင်းခံသည်။ ဦးသိန်းဇော်က ကိုမြတ်မင်းကို မေးခွန်းပါသောအကြည့် ဖြင့် ကြည့်ပါသည်။ ကိုမြတ်မင်းက ခွင့်ပြုသွာဖြင့် ခေါင်းညိတ်ပါသည်။

ထို့ကြောင့်ပင် ဦးမြင့်ဝင်းက အစည်းအဝေးပြီးဆုံးကြောင်း ပြောပြလိုက်၏။ အမှုဆောင်အဖွဲ့ဝင် ကိုးဦးစလုံး တိတ်ဆိတ်စွာပင် ထွက်ခွာသွားပါတော့သည်။

"မောင်မြတ်မင်း ခရီးထွက်ရဦးမှာပေါ့နော်"

"ဟုတ်ကဲ့ အန်ကယ်၊ ကျွန်တော် ဒီတစ်ခေါက် အသေးစိပ်လေ့လာခဲ့မှာပါ"

"မန္တလေးချောင်းဘက်မှာဆိုရင်တော့ အန်ကယ့်အသိတွေရှိတယ်"

"ဟုတ်ကဲ့ အန်ကယ်"

"အန်ကယ် စာရေးပေးလိုက်မယ်၊ လက်ရှိလုပ်ကွက်တွေက အဆင်ပြေတယ် မို့လား"

"ပြေတော့ပြေပါတယ်။ ဒါပေမဲ့ ကျွန်တော် စောစောကပြောသလို သူများလုပ် ကွက်တွေက ထိုးစက်ကြီးတွေသုံးနေပြီ။ ကျွန်တော်တို့က တစ်လုံးထိုးစက်ပဲသုံးနိုင် တယ်။ ပေးရတာက ရွှေငါးမူးသား၊ ထိုးစက်ကြီးသုံးရင် ရွှေတစ်ကျပ်သားပဲပေး ရတာ။ တစ်လမှ တစ်ကျပ်သား၊ ထွက်နှုန်းကအရမ်းကွာတယ် အန်ကယ်။ အချိန်က တစ်လံဆို တစ်လကုန်တာပဲ။ အဲဒီအချိန်တစ်လမှာ ဥပမာပြောရရင် သူများ ရွှေတစ်ဆယ်သားရရင် ကျွန်တော်တို့က သုံးကျပ်သားဖြစ်နေမှာ။ ကုန်သွားငဲ့အချိန်ကို ဘာနဲ့မှ ပြန်ဝယ်လို့မရဘူးလေ"

"မေခမြစ်ဘက်ခြမ်းကရော အဆင်ပြေပါ့မလား"

mgyoe.com

mgyoe.com

"ကျောက်တောင်ထူတယ်။ ဒါပေမဲ့ လက်မျှောသမားတွေ၊ ဖောင်မျှောသမား တွေရှိတယ်။ စက်မျှောကိုချဲ့နိုင်ရင် အဲဒီမှာက လုပ်ကွက်ပိုသာတယ်။ ကျွန်တော် ချဲ့ရင် အဲဒီဘက်ကိုပဲ ချဲ့ချင်တယ်။ အဆိုင်းသမားတွေက သုံးဆယ်လောက်ရှိတယ်။ မန္တလေးချောင်းမှာတော့ လုပ်ကွက်ကြီးတွေက အကြီးအကျယ်ဖြစ်ကုန်ပြီ။ ရွှေကလည်း အဲဒီမှာ ပိုရနေကြတယ်။ စင်တစ်စင်ကို သုံးကျပ်သားလောက် နေ့စဉ်ရနေတာဆို တော့ အသည်းအသန်တူးတော့တာပဲ။ အရင်ကတော့ လက်မျှောသမားတွေပဲရှိတယ်။ အခုတော့ တူးစက်ကြီးတွေနဲ့ချကုန်ပြီ။ ကျွန်တော်တို့နောက်ကျလို့ မဖြစ်ဘူး အန်ကယ်"

ဦးသိန်းဇော်က ရယ်ရင်းဖြင့်ပင် "တို့က တိုက်ဆောက်တဲ့ ကန်ထရိုက်ကနေ ရွှေတူးတဲ့ကန်ထရိုက် ဖြစ်ကုန်ပြီပေါ့" ဟု ပြောလာတော့သည်။

ကိုမြတ်မင်းက ခေါင်းညိတ်ပါသည်။

"အားလုံး ပြောင်းလဲနေပြီပဲ အန်ကယ်။ မပြောင်းနိုင်ရင် ကျွန်တော်တို့ အန်းဒင်းက မလှဘူး ဖြစ်သွားမယ်"

□

ည၏တိတ်ဆိတ်ငြိမ်သက်မှုသည် တန့်ဖဲရွာလေးပေါ်သို့ အပြည့်အဝကျရောက် နေသည်။ နူးတစ်ယောက် ထမင်းဆိုင်၏မီးဖိုအနီးတွင် ထင်းချောင်းများကို စီနေရင်း နဘေးတွင် စားသွေးနေသည့် ဇော်ဟိုးကို အကဲခတ်နေသည်။ ထမင်းဆိုင်၏ကွပ်ပျစ် ပေါ်တွင် လူငါးယောက် အိပ်မောကျနေသည်။ သူတို့ခြေရင်းတွင် ရိက္ခာထည့်ထား သော ကျောပိုးအိတ်များ၊ ခြင်းတောင်းများနှင့် ပေါက်တူးများ၊ ပေါက်ပြားများကို ချိနှောင်ထားသည့် ရွှေတွင်းသုံး ကိရိယာများရှိနေသည်။

နူးက ထင်းချောင်းစီနေရင်း ဗိုက်တွင်းမှ ရှန်းလိုက်သည့်ဒဏ်ကြောင့် ခါးကို ပြန်မတ်လိုက်သည်။ သူ့နှုတ်ဖျားမှ ညည်းတွားသံတိုးတိုးလေး ထွက်သွားသဖြင့် ဇော်ဟိုးက လှမ်းကြည့်ရင်း...

"ဘာလို့လဲ နူး၊ ဗိုက်နာလို့လား"

နူးက ခေါင်းခါရင်း ထင်းစီးကိုတွန်းလိုက်၏။ နူးမျက်နှာက ပို၍မဲ့လာသည် မို့ ဇော်ဟိုးထလာသည်။

"ငါ လုပ်လိုက်မယ်၊ နင်သွားအိပ်တော့လေ"

mgyoe.com

 mgyoe.com SAMPLE BOOK 

ဖော်ဟိုးက နူးကို တွဲ၍ထူလိုက်ပါသည်။ နူးက ဖော်ဟိုးကို ဘာမှမပြောဘဲ ရယ်လိုက်သည်။ နူး ဗိုက်က အတော်ပင်စူနေပြီ။ ခုနစ်လဟူသောကိုယ်ဝန်က အထဲမှ တစ်ခါတစ်ခါ ကန်ကျောက်တတ်နေပြီ။

"ငါပြန်လာအောင်စောင့်နော်။ အမှာရှိတုန်း သွားရမှာဟ"

"နင် မကြာနဲ့နော်"

နူးစကားကို ဖော်ဟိုး မငြင်းနိုင်။ တောတက်ရာတွင် သုံးမည့် ကျည်တောက်နှင့် ကျောပိုးအိတ်ကြည့်ရင်း သွေးပြီးစ တောတက်ဓားကို ဓားအိမ်ထဲသို့ ပြန်ထည့်လိုက်ပါသည်။

"ရက်ကြာရင် မသွားပါနဲ့ဟာ။ ငါ နင်မရှိမှာစိုးလို့၊ သူတို့နဲ့..."

နူးက စကားမဆက်။ ကွပ်ပျစ်ပေါ်တွင် အိပ်မောကျနေသော ရွှေတူးသမားများ ကိုကြည့်ရင်း ထိုင်ခုံပေါ်တွင် အသာအယာ ထိုင်ချလိုက်သည်။

"ဒီတစ်ခေါက်ပါပဲဟာ။ နင် မမွေးခင် ငါရောက်မှာပါနော်"

"နင် သွားချင်ရင် သွားပါ၊ ရတယ်ဟာ"

နူးစကားကြောင့် ဖော်ဟိုး စားပွဲပေါ်မှ ချက်အရက်ပုလင်းကိုယူ၍ ခြင်းတောင်း ထဲသို့ ထည့်လိုက်သည်။

"ငါက သစ်ခွမုဆိုး၊ ငါ့အဖေလည်း သစ်ခွမုဆိုး၊ ငါ့အဘိုးလည်း သစ်ခွမုဆိုး၊ ဒီအလုပ်ပဲ ငါ လုပ်ချင်တယ်ဟာ။ အဘိုးက ငါ့ကိုပြောဖူးတယ်။ ငါတို့ခြေထောက် အောက်မှာ အဖိုးတန်မြေကြီး ရှိတယ်။ ငါတို့သောက်သုံးတဲ့ရေဟာ အဖိုးထိုက်တန် တယ်။ အဲဒီမြေတွေ ရေတွေကို မဖျက်ဆီးရဘူးတဲ့။ ငါတော့ သစ်ခွမုဆိုးပဲ လုပ်မယ်။ သူများတွေ ဘယ်လောက်ပဲ မြေကိုတူးတူး၊ ရေကို ဖောက်ဖောက် ငါမလုပ်နိုင်ဘူး။ နူးရယ် နင် ထမင်းမငတ်စေရပါဘူး။ အရင်က သစ်ခွကောင်းကောင်းရဖို့ ငါတို့ လေးရက်ပဲ ကြာတယ်။ အခု တောတွေပြုန်းပြီး၊ သစ်ပင်တွေ ဝေးသည်ထက်ဝေးလာ တယ်။ ဘာဖြစ်လဲဟာ၊ ငါက သစ်ခွမုဆိုးပဲ။ ငါ့ရဲ့ရိုးရာလုပ်ငန်းကို ငါဆက်လုပ်ရမှာ ငါ့တာဝန်လေ။ နင် ငါ့ကို သားလေး မွေးပေးရင် ငါ သူ့ကို ဒီအမွေပဲ ဆက်ပေးမယ်။ ငါတို့မြေ၊ ငါတို့ရေ၊ ငါတို့တောတောင်တွေ ကျန်နေသမျှ ငါ သစ်ခွမုဆိုးလုပ်နေဦးမှာပဲ"

ဖော်ဟိုးက ပြောလက်စ စကားကိုရပ်လိုက်သည်။

ကွပ်ပျစ်ထက်၌ လဲလျောင်းနေသူ တစ်ဦးက မီးခြစ်ခြစ်၍ ဆေးလိပ်မီးညှိရင်း ပြန်၍ငြိမ်သက်နေ၏။

ညသည် ပြန်၍တိတ်ဆိတ်သွားပြန်သည်။

mgyoe.com

mgyoe.com  SAMPLE BOOK 

တန်ပဲရွာအနီး စီးဆင်းနေသော မန္တားချောင်းဆီမှ ရေတိုးသံက တစ်ခါခါ ရယ်မောသံလိုလို၊ တစ်ခါခါ ငိုညည်းသံလိုလို လေတွင် ပဲ့တင်ထပ်လာတတ်သည်။

မကြာမီ ညရဲ့တိတ်ဆိတ်မှုတို့ ပြေးထွက်ပေတော့မည်။

ရွှေလုပ်ကွက်များဆီမှ အရဏ်ဦး ခရာမှုတ်သံများ ထွက်လာပေတော့မည်။ စက်ကြီးများအော်သံပေး၍ မြေကိုတူးဆွပေတော့မည်။ ချောင်းထဲမှ နုန်းမြေကို စုတ်ယူသော မော်တာသံများ ဆူညံလာတော့မည်။ လုပ်ကွက်သဲမှ ရွှေတူးသမားများ လှုပ်ရှားသက်ဝင်လာတော့မည်။ တကယ်တော့ တန်ပဲရွာလေး ညကောင်းကောင်း မအိပ်သည်မှာ မကြာသေး။ အနယ်နယ်အရပ်ရပ်မှ ရွှေတူးသမားများ နေ့စဉ် အစုလိုက် အပြုံလိုက် တိုးဝင်လာကြသည်မို့ ရွာကလေးမှာ ညကောင်းစွာမအိပ်နိုင်ရှာ။

ဇော်ဟိုးသည် သစ်ခွမှဆိုး၏အဆောင်အယောင်တို့ကို လွယ်ပိုးလျက် ရိုးရာ ပူဇော်ပသမှုဖြင့် တောင်ဆီသို့ ဂါရဝပြုလိုက်သည်။ နူးက အပြုံးတစ်ဝက်ဖြင့် ငေးကြည့်နေ၏။ အသက်နှစ်ဆယ်အရွယ် ကချင်ဇနီးမောင်နှံ၏ အရဏ်ဦးက မတူကွဲပြားခဲ့ပြီ။ ဇော်ဟိုးသည် နံနက်မလင်းမီ တောင်သို့တက်သည့်အခိုက် နူးသည် ရွှေတူးသမားများအတွက် နံနက်စာကို စီမံချက်ပြုတ်ရင်း ကျန်ရစ်ခဲ့လေပြီ။

❑

ကိုမြတ်မင်းသည် ဆေးလိပ်ကိုမီးသေသည်အထိ ချထားလိုက်ပြီး မျက်နှာသစ်ရန် ထလိုက်သည်။ တဲအိမ်အတွင်း၌ ထင်းမီးဖိုနံ့က လှိုက်၍ထွက်နေ၏။ ကောင်လေး တစ်ယောက်က ငါးခြောက်များကို ဖြတ်တောက်နေသည်။ ဆိုင်ရှင်မိန်းမရွယ်က ဗိုက်ကြီးတကားကားဖြင့် ထမင်းအိုးကို မီးထိုးနေ၏။

တကယ်တော့ သူ နိုးနေသည်မှာ စောစောကတည်းကပင်။ ဆိုင်ရှင်မိန်းကလေး နှင့် သူ့ယောကျ်ားတို့ပြောနေသည်ကို သူ ကြားနေရသည်။ သူ့စိတ်ထဲ၌ ကောင်လေး ကိုအထင်မကြီး။ ကိုယ့်ခြေထောက်အောက်တွင် ရွှေထွက်နေသည်ကို ဥပေက္ခာပြု၍ ဟိုးတောင်ပေါ်တွင် သစ်ခွရှာဖွေသည်ကို သူ အထင်မကြီးနိုင်။ ကလေးမလေးခမျာ ကိုယ်လေးလက်ဝန်အရင့်အမာဖြင့် ထမင်းဆိုင်ဖွင့်ကာ ရှာဖွေစားသောက်နေရသည်။ ဤသည်ကို သူ စိတ်မကောင်း။ ဤထမင်းဆိုင်လေးမှာ သူ့အတွက် အရေးကြီးသည့် ကိစ္စရှိနေသည်။

သူမျက်နှာသစ်ပြီးချိန်တွင် နူးက ရေနွေးအိုးနှင့် အကြမ်းပန်းကန်လုံးများ လာချပေးပါသည်။ သူက ကော်ဖီမစ်ထုတ်ကိုဖောက်၍ ဖျော်လိုက်ရင်း

"ဇော်ဟိုးက ဘယ်အထိသွားရတာလဲ"

mgyoe.com

mgyoe.com .SAMPLE BOOK

သူက နူးကို မေးခွန်းထုတ်လိုက်သည်။

"တအားမှကို ဝေးတယ် အစ်ကို။ သစ်ခွတွေက ရှားလာပြီလေ"

"မနေ့က အစ်ကိုမေးတာ မေးကြည့်သေးလား"

"ဟင့်အင်း၊ သူ တအားစိတ်ဆိုးမှာ၊ ထမင်းစားလို့ရပြီနော်"

နူးက သူ့ကိုစကားဖြတ်၍ ထမင်းစားပွဲဆီသို့ ထွက်သွားတော့သည်။ သူလည်း ဘာမှထပ်မပြောဖြစ်တော့။ ကွပ်ပျစ်ပေါ်မှလူများ နိုးလာကြပြီမို့ လုပ်ကွက်များဆီသို့ ထွက်ခွာရန်ပြင်ဆင်နေတော့သည်။ သူက ခရီးဆောင်အိတ်ကို ခေါင်းရင်းဘက်သို့ ရွှေ့ထားလိုက်၏။ ဤခရီးစဉ်တွင် သူလိုက်သွားဖို့မလိုသေး။ မှာယူထားသည့်ရိက္ခာများက မနက်ဖြန်မှ တန်ဖဲသို့ ရောက်မည်မို့ သူစောင့်ရဦးမည်။ ရွှေတွင်းမှ လူများ ရိက္ခာ လာသယ်မှ သူလိုက်သွားမည်မို့ သူ့အတွက် အချိန်ပိုနေသည်။

ရွှေတွင်းများဆီမှ စက်ကြီးမောင်းသံများ ကြားနေရပြီ။ အလုပ်ခွင်ဝင်ရန် အချက်ပေးသံများ ကြားနေရပြီ။ ရွှေတူးသမားများက အဆိုင်းလိုက်ပြင်ဆင်နေကြပြီ။ ယနေ့အဖို့ လုပ်ကွက်များအားလုံး မနားမနေ စနေကြပြီ။ မန္တလေးချောင်းတစ်လျှောက် ရွှေလုပ်ကွက်ရထားသည့် ကုမ္ပဏီများက တစစများပြားလာခဲ့ပြီမို့ နေ့ညဟူ၍ သိပ်ပိုင်းခြားချိန်မရှိ။ အချိန်သည် ဤအရပ်၌ ရွှေနှင့်စပ်၍ရနေ၏။ တစ်နာရီ၊ တစ်မိနစ်၊ တစ်စက္ကန့်ကအစ ရွှေနှင့်စပ်၍ အဖိုးတန်နေတော့သည်။ တူးသည့်လူကတူး၊ သယ်သူကသယ်၊ ကျင်သူကကျင်၊ ဆေးသူကဆေး။ မည်သူမှ အချိန်ကုန်မခံလိုကြ။ မြစ်၏ မြေကြီးက ရွှေသီးနေသည့်အရပ်မို့ ရပ်နားနေသူအတွက် ဘာမှအကျိုးမရှိ။

ယခု သူရောက်နေသည်မှာ ငါးရက်ရှိပြီ။ သည်ထမင်းဆိုင်လေးမှာပင် သူ တည်းခိုရင်း ရိက္ခာပို့လိုက်၊ စာရင်းလုပ်လိုက်၊ ကုမ္ပဏီတာဝန်ခံများနှင့်ဆွေးနွေးလိုက် လုပ်နေဖြစ်သည်။ သူက ရွှေတွင်းသို့လိုက်စရာမလို။ သူ့တာဝန်က ရှိနှင့်နေပြီးပြီ။

နူးက ထမင်းကြော်ပန်းကန်နှင့် ကြက်ဥမွှေကြော်ကို စားပွဲ၌ ပြင်ဆင်ပေးနေသည်။ ကိုမြတ်မင်းက နပ်ထားသောကော်ဖီမစ်ကို ငုံ၍သောက်ရင်း ရွှေတွင်းသို့ ဆင်းကြမည့်လူများကို အကဲခပ်နေ၏။ ထိုလူသိုက်က ထမင်းကြော်ကို ကပျာကယာ စားနေကြသည်။ ရေနွေးကို အမြန်သောက်နေကြသည်။ စားပြီးသူများက ဝန်စည် စလည်များကို စစ်ဆေးနေသည်။ သိပ်မကြာခင်မှာပင် သူတို့အားလုံး ကျောပိုးအိတ် လွယ်သူကလွယ်၊ ခြင်းတောင်းများထမ်းသူကထမ်း၊ ကိရိယာတန်ဆာပလာများ ပွေ့သူကပွေ့ဖြင့် ရွှေတူးရမည့်လုပ်ကွက်များသို့ ထွက်ခွာသွားတော့သည်။

ကိုမြတ်မင်းက ထမင်းကြော်ကိုခပ်၍စားနေရင်း ငါးခြောက်ဟင်းချက်နေသည့် ဆယ့်ခြောက်နှစ်အရွယ် လောဟိုဆိုသည့် ချာတိတ်လေးကို အကဲခပ်နေ၏။ သူ

mgyoe.com

mgyoe.com
SAMPLE BOOK


အကဲခပ်နေသည်ကို ကောင်လေးကသိနေသည့်တိုင် နူးရှိနေသဖြင့် မသိချင်ယောင်ဆောင်နေဆဲ။

နူးက တဲအပြင်သို့ ရေဗူးကိုယူ၍ ထွက်ခွာသွားသည်။

လောဟိုက ကိုမြတ်မင်းကို စိုက်၍ကြည့်နေ၏။

"မင်း တကယ်မသိဘူးလား"

ကိုမြတ်မင်းက လေသံတိုးတိုးဖြင့် မေးလိုက်ပါသည်။ လောဟိုက ခေါင်းညိတ်၍အဖြေပေးလာ၏။ ကိုမြတ်မင်း အိတ်ထဲမှမြေပုံကို ထုတ်လိုက်ပြီး စဉ်းစားနေသည်။ သူ ဘာဆက်လုပ်ရလျှင် ကောင်းမည်နည်းဟု တွေးတောနေခြင်းပင်။ လက်လျှော့ဖို့ကိုတော့ သူမစဉ်းစား။ လောကဌ် အောင့်အီးသည်းခံခြင်းသည် သူ့ဝါသနာတော့မဟုတ်။ သို့သော် ယခုကိစ္စသည်ကား ဆုလာဘ်ကုဋေချီသည့် ရပေါက်ရလမ်းပေမို့ သူ သည်းမခံ၍မရ။

သူ့အသက် လေးဆယ်ပြည့်ခဲ့ပြီ။ သူ့ဘဝတစ်လျှောက်လုံးတွင် သူတစ်ပါးထက် အတွေးအခေါ်ကောင်းသည်၊ လျင်မြန်သည်၊ အကွက်စေ့သည်ဟူသော ဂုဏ်ပုဒ်တို့သည် ကြားရဖန်များ၍ ရိုးအီနေခဲ့ပြီ။ သူတကာထက်လေ့လာခဲ့သည်။ အားထုတ်ခဲ့သည်။ ကြိုးစားခဲ့သည်။ ထိုလုပ်ရည်ကိုင်ရည်များကြောင့်ပင် ကုမ္ပဏီ၏အားအထားရဆုံး ရာထူးကို သုံးနှစ်အတွင်း သူ ရလာခဲ့သည်။

သူတွေးတောနေဆဲမှာပင် နူးက ရေဗူးများကိုပွေ့၍ ပြန်ဝင်လာပြီး သူစားပြီးသောပန်းကန်များကို လာရောက်သိမ်းဆည်းသည်။

"ညီမလေးက မွေးဖို့ နီးပြီပေါ့နော်"

"ဟုတ် အစ်ကို၊ ရှေ့လထဲမှာထင်တာပဲ"

"အေးပါကွာ၊ အစ်ကိုတို့လည်းရှိတာပဲ၊ အားမငယ်ပါနဲ့"

သူ့စကားကို နူးက ပြုံးရွှင်စွာ ခေါင်းညိတ်ပြပါသည်။

"ဆရာဝန်တော့ ပြတယ်မို့လား"

"စစ္စတာကြီးနဲ့တော့ ပြဖြစ်တယ်။ သူနဲ့ပဲမွေးမှာလေ"

နူးစကားကို သူခေါင်းညိတ်မိသည်။ သူနာပြုဆရာမကြီးက အားကိုးလောက်အောင်ပင် မွေးဖွားရာ၌ ကျွမ်းကျင်ကြောင်း နူး ပြောပြဖူးသည်။ တကယ်တော့ ဒါကလည်း သူ့အတွက် အပူအပင်အစစ်မဟုတ်။

နူးက ပန်းကန်များကို ယူဆောင်ရင်း အပြင်ဘက်သို့ထွက်သွားပြန်သည်။ သူကမြေပုံကို ပြန်၍ကြည့်နေမိသည်။ မြေပုံထက်၌ မခမြစ်ကျောတစ်လျှောက် အသေးစိပ်ရေးဆွဲထားသည့် အညွှန်းများကို တွေ့ရသည်။

mgyoe.com

mgyoe.com
SAMPLE BOOK


ကိုမြတ်မင်း သက်ပြင်းမောကို တိုးတိုးလေးချလိုက်ဖြစ်သည်။ မေခမြစ်ကျော တစ်လျှောက်တွင် အဓိကရွှေထွက်မည့်နေရာကို အတိအကျသိထားသူကို သိထားပြီးပြီ။ သို့ရာတွင် ထိုသူ့ပါးစပ်မှဖွင့်ဟလာအောင် သူမစွမ်းနိုင်သေး။ ထိုခလုတ်ကို ဖွင့်နိုင်လျှင် သူ့အတွက် အောင်မြင်မှု၊ မဟာ့မဟာအောင်မြင်မှုကိုရပေမည်။

ကိုမြတ်မင်းက မြေပုံကိုခေါက်သိမ်းရင်း တဲအပြင်ဘက်သို့ လှမ်းငေးနေမိသည်။ သူ့အဖို့ ဘဝတစ်သက်တာတွင် မကြုံစဖူးသော သည်းခံစောင့်ဆိုင်းမှုကို ကျင့်ကြံနေရပြီမို့ သက်ပြင်းမောကိုချရုံမှတစ်ပါး ဘာမှမတတ်သာသေးပါချေ။

□

mgyoe.com

mgyoe.com SAMPLE BOOK

# အခန်း (၂)

ဂျာနယ်တိုက်၏ ညအယ်ဒီတာထံသို့ ဖောင်ပိတ်သတင်းတစ်ပုဒ် ရောက်လာသည်။ သတင်းကထူးခြားသည်ဟု မဆိုနိုင်သော်ငြား တန်ဖိုးအားဖြင့် ကြီးမားလှသည်မို့ ညအယ်ဒီတာဖြစ်သူ ဦးစိုးအေး ဂရုတစိုက်ဖတ်ရှုရင်း စဉ်းစားနေမိသည်။

ရန်ကုန်တိရစ္ဆာန်ဥယျာဉ်သို့ပေးပို့၍ အများပြည်သူကြည့်ရှုရန် စီစဉ်ထားသည့် ပန်ဒါနီဝက်ဝံတစ်ကောင် ရုတ်တရက် ပျောက်ဆုံးသွားမှု သတင်းဖြစ်သည်။ ထိုသတင်းရင်းမြစ်ကို အတည်ပြုထားသည့် မှတ်ချက်လည်း ပူးတွဲပါဝင်သည်။ ခက်နေသည်က စုံစမ်းစစ်ဆေးဆဲဟုပါရှိနေသဖြင့် လုံးဝပျောက်ဆုံးသွားပြီဟု မဆိုနိုင်သေးခြင်းပင်။

သတင်းပေးပို့လာသူက ပန်ဒါနီဝက်ဝံ၏ ရှားပါးအဖိုးတန်မှုကို ဖောင်းပေးရေးဖွဲ့ထားသဖြင့် ဖတ်ရှုရမည့် စာဖတ်ပရိသတ်အတွက် အကျိုးရှိနေသည်။ ထိုသတင်း၏တန်ဖိုးအား အပြည့်အစုံတော့ တွက်ချင်မှတွက်မိကြပေမည်။ သို့သော် ပန်ဒါနီဟူသည် ကမ္ဘာမှာပင် ရှားပါးအဖိုးတန်နေသည့် ဝက်ဝံမျိုးဖြစ်နေပြီ။ မြန်မာနိုင်ငံ၏ ကချင်ပြည်နယ် သဘာဝတောမဲ့တောများ၌ ရှားပါးစွာကျန်ရှိနေသော အဖိုးတန်မျိုးနွယ်ဖြစ်နေသည်။ ကချင်ပြည်နယ်သည်ကား ထိုသို့သော အဖိုးတန်ရှားပါး သဘာဝအလှတရားနှင့် သစ်ပင်ပန်းမန်မျိုးနွယ်တို့ အပါအဝင် တိုင်းပြည်၏အလှဆုံးသော

mgyoe.com

mgyoe.com  SAMPLE BOOK 

သယံဇာတများကို ပိုင်ဆိုင်ထားသည့် ပြည်နယ်ဖြစ်သည်။ သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးနယ်မြေအဖြစ် ဘေားမဲ့တောခြောက်ခုကို ပိုင်ဆိုင်ထားသေးသည်။

ထိုခြောက်ခုအတွင်း၌ ရှားပါးသော တိရစ္ဆာန်မျိုးစိတ်များ၊ အဖိုးတန်သစ်မျိုးများ၊ ရှားပါးသစ်ခွမျိုးစိပ်များ၊ အစွမ်းထက်ဆေးဖက်ဝင်အပင်များ၊ တွင်းထွက်သယံဇာတများ၊ ရှုမျှော်မဝသည့် သဘာဝအလှတရားများ ပိုင်ဆိုင်သည့်နယ်မြေ။ ရှားပါးတိရစ္ဆာန်မျိုးစိပ်များထဲ၌ သားမင်း၊ ဖက်ချော၊ ဟိမဝန္တာရစ်မျိုး၊ ပန်ဒါနီ တို့ ပါနေသည်။ ထိုသဘာဝဘေားမဲ့တော၏ ဧရိယာကား စတုရန်းမိုင်ပေါင်း (၆၂၉၇ ဒဿမ ၉၂) စတုရန်းမိုင်ရှိသည်မို့ အဖိုးတန်မြေကမ္ဘာစစ်စစ်ပင်။

ယခု ပန်ဒါနီတစ်ကောင် ပျောက်ဆုံးနေပြီ။ ယင်းသတင်းမှာ သတင်းတန်ဖိုး အရတွက်လျှင် ကြီးမားလှသည်။ သတင်းပုံစံဖြင့်တွက်လျှင်လည်း ဘခြောက်လုံး အတွက် ဖြန့်ကားတွေးတောစရာကောင်းလှ၏။ အများပြည်သူအတွက် ပြသထားသည့် ရှားပါးအဖိုးတန် ပန်ဒါနီတစ်ကောင် ဘယ်ရောက်သွားသနည်း။ ဘယ်သူ့မှာ တာဝန်ရှိသနည်း။ ဘယ်တုန်းကပျောက်သွားသနည်း။ ဘာကြောင့်နည်း။ ဘယ်နေရာမှာရှိနေသနည်း။

အယ်ဒီတာက ထိုသတင်းအား မှတ်ချက်ပြု၍ စာစီသမားထံသို့ ပေးပို့လိုက်သည်။ ဤသည်ကား ဖော်ပြသင့်သည်ပဲ။ သာမန်အိမ်မွေးတိရစ္ဆာန်တစ်ကောင် ပျောက်ဆုံးမှုမှ မဟုတ်ဘဲ။ အလွဲသုံးစားလုပ်ထားသူများကို သတိပေးခြင်းမည်၏။ အများပြည်သူလည်း သိသင့်၏။ ထို့ကြောင့် အယ်ဒီတာမှတ်ချက်ပေး၍ ယင်းသတင်း ဖော်ပြနိုင်ရန် ပေးပို့လိုက်ဖြစ်တော့သည်။

□

ဖုန်းမြည်သံသည် ဦးကောင်းမြတ် အိပ်ယာနဘေးတွင် တတီတီမြည်နေသည်။ အိပ်ပျော်နေသော ဦးကောင်းမြတ်နားထဲ၌ ထိုဖုန်းသံက မကြားတစ်ချက်ကြား တစ်ချက်။ ဖွဲ့ကောင်းလှသောဖုန်းသံက နှစ်ကြိမ်သုံးကြိမ်တိုင်တိုင် ဆက်၍ခေါ်နေသည်။

ဦးကောင်းမြတ် အိပ်နေရာမှ ဖုန်းမြည်သံကို ဂရုစိုက်မိလာသည်မို့ အိပ်မှုန်စုံမွှား ဖြင့်ပင် ဖုန်းပြောလိုက်မိသည်။

"ဟယ်လို ပြောပါ"

"ဘိုးလား၊ စု ခေါ်နေတာ"

"ဟော့"

mgyoe.com

mgyoe.com SAMPLE BOOK


ဦးကောင်းမြတ် ချက်ချင်းပင် အိပ်ချင်ပြေသွားပြီ။

"ပြောလေ စု၊ ပြော။ ဘာတုန်း ငါ့မြေးရဲ့"

"ဘိုးကိုခေါ်တာ ကြာလှပြီ။ ဘာမှန်းလဲမသိဘူး။ ဖုန်းလည်းမကိုင်ဘူး။ ခေါ်နေတာကြာလှပြီဟာကို"

"အေးပါ၊ အေးပါ။ ကဲ ပြော။ ဘာလုပ်ပေးရမလဲ"

"ဘိုး အခုအားလား"

မြေးဖြစ်သူ၏အမေးကြောင့် ဦးကောင်းမြတ် နာရီကို လှမ်းကြည့်လိုက်သည်။ နာရီလက်တံက ည နှစ်နာရီ။

"ဟဲ့၊ ငါ့မြေးရဲ့၊ ခုမှ ၂ နာရီရှိသေးတယ်"

"မရဘူး ဘိုး၊ မရဘူး။ စု မေးတာ အခုအားလား၊ အိပ်နေတာမို့လား၊ အဲဒါဆို စု လာခဲ့မယ်၊ လာမယ်နော်။ ဘိုး မအိပ်ရဘူး၊ နော်လို့"

"ညကြီးဟာ။ ကားမောင်းလာမှာလား။ ဘာကိစ္စလဲပြောပါဦး"

"ခု လာပြီ။ ဘိုး မအိပ်နဲ့ ဒါပဲ"

တစ်ဖက်က ဖုန်းချသွားလေပြီ။ ဦးကောင်းမြတ် ဖုန်းကိုပြန်ချရင်း မီးခလုတ်ကို ဖွင့်လိုက်သည်။ တစ်ယောက်တည်းနေသော တိုက်ခန်းမို့ အိမ်ရှေ့တံခါးဆီသို့ ကိုယ်တိုင်ပင် ထလာရတော့သည်။ ဧည့်ခန်းဆီသို့အရောက်တွင် အသက်(၇၁)နှစ် ပြည့်မွေးနေ့ ကျင်းပစဉ်က မြေးမဖြစ်သူနှင့်တွဲ၍ ရိုက်ထားသောဓာတ်ပုံကို စားပွဲပေါ် တွင်တွေ့နေရသည်။

ဦးကောင်းမြတ်က ဧည့်ခန်းမီးများကို ထွန်းပြီး နံရံတွင်ချိတ်ထားသော ဓာတ်ပုံ များကိုငေးငေ့၍ ကြည့်နေဖြစ်သည်။ ဓာတ်ပုံမှာ များများစားစားမရှိပါချေ။ သူ ငယ်စဉ် က ကချင်ပြည်နယ်မြစ်ဆုံဒေသတွင် ရိုက်ကူးထားသော ရှခင်းနောက်ခံပုံတစ်ပုံ။ သူနှင့် ဇနီးဖြစ်သူ ကချင်တိုင်းရင်းသူတို့ မင်္ဂလာပွဲတွင် ရိုက်ကူးထားသည့်ပုံ။ သားဖြစ်သူ၏ ဘွဲ့ဝတ်စုံဖြင့် ရိုက်ကူးထားသည့်ပုံ။ သားနှင့်ချွေးမ၊ မြေးဖြစ်သူ စုစုမြတ်တို့ ရိုက်ကူးထားသည့်ပုံ၊ စုစုမြတ် ဘွဲ့ဝတ်စုံဖြင့် ရိုက်ကူးထားသည့်ပုံ၊ ထိုပုံ ငါးပုံသာရှိသည်။

သူတွေးတောနေဆဲမှာပင် ဘဲလ်တီးသံကြားရသည်။ မြေးမနေသော တိုက်ခန်း နှင့် သူနေသောတိုက်ခန်းမှာ ကားမှတ်တိုင်သုံးတိုင်မျှသာ ဝေးသည်မို့ တခဏအတွင်း ရောက်လာခြင်းပင်။

သူ တံခါးဖွင့်ပေးလိုက်သည်နှင့်......

mgyoe.com

"အဲ့ ဘိုးကလည်း ဘာမှန်းလဲမသိဘူး။ ဖုန်းဆက်နေတာ ကြာလှပြီ။ ဘာဖြစ်နေလဲလို့ စိတ်ပူနေတဲ့ဟာကို၊ ဟမ်းဖုန်းကိုင်ပါဆိုတာလည်း မကိုင်ဘူး။ စု အရေးကြီးပြီဆို ဘယ်လိုခေါ်ခေါ် မရဘူး။ သိချင်နေတာ သေတော့မယ်။ သတင်းက ညကမှ ဖတ်ရလို့။ ဖတ်ပြီးပြီးချင်း ဂျာနယ်တိုက်ကို ဖုန်းဆက်သေးတယ်။ မနက်မှ အယ်ဒီတာတွေက လာမှာ၊ အဲဒီတော့မှ သိရမှာပဲ။ ဘိုးက ဘာမှန်းလဲ မသိဘူး။ စု မောနေပြီဟာကို"

သူ ရယ်နေရုံမှတစ်ပါး မြေးမ၏ မနားမနေ ပြောနေသမျှကို တံခါးပြန်ပိတ်ရင်း ထိုင်ခုံဆီ ပြန်လာ၍ မြေးမလက်ထဲမှ ဂျာနယ်ကို လှမ်းယူရင်း နားထောင်နေမိသည်။

"ရော့ ဒီမှာ၊ ဘာလုပ်လို့ လုပ်ရမှန်းမသိတော့ဘူး"

"ဘာတုန်း စုရဲ့။ ပြောတာနားပါဦး။ ရေသောက်လိုက်ဦး"

"အမယ်လေး ဟုတ်ပါရဲ့။ အခုမှ ရေသောက်ဖို့သတိရတယ်"

သူ့စကားကြောင့် အသက်နှစ်ဆယ်အရွယ် မြေးမဖြစ်သူက စားပွဲပေါ်မှရေဗူးကို ဖွင့်၍ အားပါးတရ မော့သောက်နေတော့သည်။ သောက်နေရင်းကပင် လက်တစ်ဖက်က ဂျာနယ်စာမျက်နှာဆီသို့ ညွှန်းဆိုနေပြန်၏။

မြေးမ ညွှန်ပြရာ ဂျာနယ်စာမျက်နှာကို သူ ဖတ်ကြည့်လိုက်သည်။ မြေးမက သတင်းစာသားများကို အောက်မှ မင်နီဖြင့်လိုက်လံတားထားသည်မို့ ထိုနေရာများကို ဂရုတစိုက် ဖတ်ကြည့်ပါသည်။

ပန်ဒါနီတစ်ကောင်ပျောက်ဆုံးခြင်းသတင်းပင်။

သူ့အတွေးများက ဟိုးအတိတ်ဆီသို့ပြေးထွက်သွားရာမှ မြေးမ၏စကားသံကြောင့် အတွေးစတို့ ရပ်တန့်သွားတော့သည်။

"အဲဒါ၊ ဘိုးငယ်ငယ်ကမွေးဖူးတဲ့ ပန်ဒါနီမျိုးလားဟင်၊ စု သိချင်လို့ မောနေတာပဲ။ ဘိုး ပြောလေ။ နေဦး နေဦး၊ စု အင်္ကျီထဲက ဓာတ်ပုံကူးလာတယ်။ ဒီမှာ ကြည့်ဦး"

စုက ဘောင်းဘီအိတ်ထဲမှ ဟမ်းဖုန်းကိုထုတ်၍ မြင်ကွင်းကိုဖွင့်ကာ ကူးလာခဲ့သောဓာတ်ပုံကို ဖွင့်ပြပါသည်။ သူ့မျက်လုံးများကို ပို၍ကျယ်သွားစေသည့် ဝက်ဝံနီလေး။ သစ်ကိုင်းပေါ်တွင် အပြစ်ကင်းစွာ အနားယူနေသည့် BABY ဝက်ဝံနီလေး။ အနီရောင်အမွေးများနှင့် အဖြူရောင်နှုတ်သီး၊ ဝိုင်းစက်နေသော မျက်လုံးများဖြင့် လောကကို အံ့သြတကြီးငေးကြည့်နေသည့် ပန်ဒါနီလေး။

"ဟော ဟော"

mgyoe.com

mgyoe.com SAMPLE BOOK


သူက ငေးမောနေရာမှ မြေးမ၏အမေးစကားကြောင့် လှမ်းကြည့်ဖြစ်သည်။ အဲဒါမျိုးမဟုတ်လားဟု မြေးမက ဆက်မေးလာသည်။

"ဟုတ်တယ် စုရဲ့။ ဒီလို ဝက်ဝံလေးပဲ"

"ဟယ်၊ စု တွက်တာမှန်ပြီ။ မှန်ပြီ…ဘိုးနော်။ စု မေးတာ ဖြေရမယ်နော်။ ဒီဝက်ဝံလေးက ဘယ်လောက်တန်လဲဟင်"

"ဟာ ဘယ်တန်ဖိုးဖြတ်လို့ရမလဲ။ သူက ရှားပါးမျိုးနွယ်လေ"

မြေးမက သူ့စကားကို နားထောင်နေပါသည်။

"လိမ္မာလိုက်တာလည်း ပြောမနေနဲ့တော့။ လူနဲ့နီးရင် လူရိပ်လူကဲသိပ်သိတာ။ ဘိုး ရခဲ့တုန်းက ဒီအရွယ်လေးပဲ။ နောက်တော့ အခိုးခံလိုက်ရတာ ဘိုးပြောပြီးပါကောလား။ ဘိုးဆို တစ်လလောက်ငိုနေတာ။ ဘယ်မှလည်း လိုက်ရှာလို့မရပါဘူး"

"ဘိုးအဖေက ရောင်းစားတာလားမှ မသိတာ"

"ဟဲ့၊ အရူးမရဲ့၊ ဘိုးအဖေက ကချင်လူမျိုးအစစ်။ ဘယ်တော့မှ မဟုတ်တာ မလုပ်ဘူး။ သူ့ရေမြေတောတောင်ကို သိပ်ချစ်တာ၊ သူ့နယ်မြေထဲမှာတော့ ဘာတိရစ္ဆာန်မှ မဖမ်းရဘူး။ မသတ်ရဘူး။ ရောင်းတာဝယ်တာ မလုပ်ရဘူး"

"ဟင်၊ ကြက်တွေ ဝက်တွေကျတော့ရော"

"ဒါက စားကုန်တွေပဲ စုရဲ့။ ဒါတွေတော့ ဘယ်တားမလဲ။ ရှားပါးတောတွင်း တိရစ္ဆာန်ကိုပြောတာ။ ဘိုးထင်တာတော့ အဲဒီတုန်းက အရေးပိုင်မင်းရဲ့တပည့်တွေ တစ်ဖက်လှည့်နဲ့ ခိုးသွားတာနေမှာ။ အရေးပိုင်မိန်းမက ဘိုးရဲ့ယန်ဒါနီကို လိုချင်နေတာကိုး"

"အင်း ဒါဆို…၊ အခု…"

စုက စကားမဆက်တော့ဘဲ ဂျာနယ်ကိုငေးကာ တွေးတောခန်းဝင်နေတော့သည်။ သည်ကလေးမက သတင်းထောက်ပိုးဝင်နေရှာသူလေးမို့ ဒီလိုထူးထူးဆန်းဆန်း သတင်းဆိုလျှင် သူထင်မြင်ယူဆသမျှ ဘိုးထံသို့ လာဆွေးနွေးတတ်၏။ ပြီးတော့ သူ့ဝါသနာက အထူးအဆန်းသတင်းများဆိုလျှင် ဂျာနယ်မှဖြတ်တောက်၍ ဖိုင်တွဲလုပ်ကာ သိမ်းထားတတ်၏။ တစ်ခါတစ်ရံ ဂျာနယ်တိုက်ဆီသို့ သူ့ထင်မြင်ချက်များလှမ်း၍ ပေးပို့တတ်ပြန်သည်။

"တစ်ယောက်ယောက်က ယူထားလိုက်တာ မဖြစ်နိုင်ဘူးလား ဘိုးရဲ့။ ဒီလောက်တန်ဖိုးကြီးတယ်ဆိုတော့လေ၊ စု တွက်တာကတော့"

"ကဲ စု၊ ဒီသတင်းကို ဘယ်နှယောက်ဆီ မေးမြန်းပြီးပြီလဲ"

သူ့စကားကြောင့် မြေးမက ဟီးခနဲရယ်ရင်း လက်လေးချောင်းထောင်ပြပါသည်။

mgyoe.com

mgyoe.com SAMPLE BOOK

"မေမေရယ်၊ ပြီးတော့ ဂျာနယ်တိုက်ကလူရယ်၊ ပြီးတော့ ပန်ထွာရယ်၊ ပြီးတော့.."

"အဲဒါများ စုရယ်၊ ညကြီး ၂ နာရီလာရတယ်လို့၊ ဒီပန်ဒါနီပျောက်တာများကွယ်"

"ဩော်"

စုက သူ့လက်ထဲမှဂျာနယ်ကို ဆတ်ခနဲ ဆွဲယူလိုက်သည်။ ထိုင်နေရာမှ ငေါက်ခနဲ ထလိုက်သည်။

"ဖုန်းခေါ်တာလည်း ချက်ချင်းမထူးဘူး။ လာပြောပြတော့လည်း မထုံတတ်တေးနဲ့၊ တော်ပြီ ဘိုး၊ နောက်တစ်ခါ ဘိုးတို့ရွာအကြောင်းပြောရင် နားမထောင်တော့ဘူး။ မေခလည်း မပြောနဲ့။ မလိခလည်း မပြောနဲ့ ဘာမှ ဘာမှ မပြောနဲ့၊ စု စိတ်ဆိုးတယ်"

သူက စိတ်ဆိုးနေသောမြေးမကို ပြန်ချော့ရန်အတွက် လက်ကိုလှမ်းဆွဲလိုက်သည်။ စုက မထိုင်ဘူးဟု ငြင်းနေဆဲ။

"ကဲပါ စုရယ်။ ဘိုး မနက်ကျရင် ဂျာနယ်တိုက်ကို သွားပို့ပေးမယ်။ ဒါပြောချင်တာမဟုတ်လား။ ဘယ်မှာလဲ ဆောင်းပါး။ ရေးပြီးပြီလား"

"တကယ်လား။ ဘိုး တကယ်သွားပေးမှာလား။ ရေးမယ်လေ၊ အခု ရေးမယ်နော်။ ဘိုးက ပန်ဒါနီအကြောင်း ပြောပြပေး၊ စု အခု ရေးမယ်လေနော်"

သူက ပျော်ရွှင်သွားသည့်မြေးမကို အလိုလိုက်စွာပြုံးရင်း ခေါင်းညိတ်ဖြစ်ပါတော့သည်။

□

"ဘာထူးသေးလဲ ဦးဘသက်။ သူတို့ဘက်က ဘာပြောသေးလဲ"

ဦးသိန်းဇော်က လုပ်ငန်းအစီရင်ခံစာဖတ်နေသည့် ဦးဘသက်အား မေးမြန်းလိုက်သည်။ ဦးဘသက်က အမှုဆောင်အရာရှိချုပ်အတွက် တင်ပြထားသည့်အစီရင်ခံစာကို ကမ်းပေးရင်း စကားပြန်ပြောလာသည်။

"ရွှေလုပ်ကွက်တွေက ထင်သလောက် အလုပ်မဖြစ်ဘူး ပြောတာပဲဗျာ။ သူတော့ ရွှေကြောတစ်ခုရဖို့ လိုက်နေတယ်။ ကျွန်တော်တို့က အဲဒီက လုပ်ကွက်တွေ ရပ်ဆိုင်းတော့မယ်လို့ ကြားတာမဟုတ်ဘူးတဲ့။ ကျွန်တော်လည်း ဘာပြောရမှန်း မသိဘူး"

"စက်ကြီးတွေ အော်ဒါမှာတာရော"

mgyoe.com

''သူကတော့ ပို့ပေးဖို့ပြောတာပဲ။ ဒါမှ လုပ်ကွက်မှာ မြန်မြန်အကျိုးရှိမှာတဲ့။ ဒီထဲမှာပါတယ်။ သူတောင်းထားတဲ့ စီမံကိန်းအသုံးစရိတ်''

ဦးဘသက်က ဦးသိန်းဇော်ထံပေးထားသည့် အစီရင်ခံစာကို ညွှန်ပြနေသည်။ ဦးသိန်းဇော်က ရွှေလုပ်ကွက်အတွက် တောင်းခံထားသော အသုံးငွေစာရင်းနှင့် မှာယူထားသော စက်ပစ္စည်းများစာရင်းကို ကြည့်လိုက်သည်။

''သိန်းနှစ်ထောင်ကျော်နေပါလား။ ဈေးငွေအတိုးနှုန်းနဲ့တွက်ပြီးပြီလား''

''ကျွန်တော် တွက်ပေးရမလား''

''နေဦးဗျ။ အစည်းအဝေးခေါ်ရင်ကောင်းမယ်ထင်တယ်''

ဦးဘသက်က လက်ကာပြရင်း ရုံးခန်းအတွင်းကိုဝေ့ဝိုက်၍ အကဲခတ်လိုက်သည်။ ထို့နောက် လေသံတိုးတိုးဖြင့် ပြောပြလိုက်သည်။

''ဘဏ်တွေကလည်း ရွှေလုပ်ကွက်တွေကို ထုတ်မချေးဖို့ အော်ဒါထွက်ပြီးပြီ။ ကျွန်တော်တို့ရှိတဲ့ ဘဏ်လက်ကျန်က သိတဲ့အတိုင်းပဲ၊ အစည်းအဝေးမခေါ်ရင် ပိုကောင်းမယ်ထင်တယ်''

''ဒါဆို စက်တွေပို့ဖို့က''

''ပို့ရမှာပဲ၊ စက်ရောင်းတဲ့ကုမ္ပဏီတွေကို ခဏထိန်းထားပေးမယ်။ တစ်ခုတော့ ရှိတယ်။ ကျွန်တော်တို့ ကံကြမ္မာက မောင်မြတ်မင်းလက်ထဲမှာပဲ ရှိတယ်။ ရွှေလုပ်ကွက်တွေဘက်က တိုးတက်မှုဖြစ်မယ်။ ဒါမှ စက်ဖိုးငွေကို လစဉ်သွင်းပေးနိုင်မှာ''

''ရွှေကြောတစ်ခုရဖို့က ဘာတဲ့လဲ''

''အဲဒါက တရားဝင်မဟုတ်ဘူး။ နယ်ခံလူတစ်ယောက်နောက် စုံစမ်းနေတာ၊ ရရင်တော့ ကောင်းတာပေါ့ဗျာ။ ရရင်လည်း မြန်မြန်ရမှဖြစ်မယ်၊ အစိုးရက မြစ်ဆုံဘက်ကို ရွှေလုပ်ကွက်တွေ ရပ်တော့မယ်လို့ ကြားနေတယ်။ မြန်မြန်မရရင် မဖြစ်ဘူး''

ဦးဘသက်စကားကို ဦးသိန်းဇော် လက်ခံပါသည်။

ကုမ္ပဏီ၏ရေရှည်ရပ်တည်ရေးက ကိုမြတ်မင်းပေါ် မူတည်နေပြီ။ ဆောက်လုပ်ရေးလုပ်ကွက်များအတွက် အရံထားရှိသော ငွေများအပြင် ပြင်ပမှ မှာယူထားသော စက်ပစ္စည်းများအတွက် ကုန်ကျငွေအားလုံးမှာ သူတို့ခေါင်းပေါ် ရောက်လာတော့မည်။ ကိုမြတ်မင်း တောင်းထားသော အသုံးငွေစာရင်းနှင့် စက်ကြီးများကို မပို့၍လည်း မဖြစ်။ ခက်နေသည်ကား ထိုကိစ္စများကို တာဝန်ခံရမည်က သူတို့နှစ်ဦးသာ။ အစည်းအဝေးကို ချပြ၍လည်း မဖြစ်။ ငွေစာရင်းဌာနမှ တင်ပြလာမည့် လက်ကျန်ငွေနှင့် စီမံကိန်းကို သိနေပါလျက် အဘယ်ကြောင့် လုပ်ငန်းအတွက် အသုံးစရိတ်

mgyoe.com

mgyoe.com SAMPLE BOOK

အဆမတန် သုံးစွဲရသနည်း။ ထိုမေးခွန်းကို သူတို့မဖြေချင်သေး။ ရွှေ၊ ရွှေ၊ ရွှေဟူ၍ ပြောနေ၍လည်း မပြီး။

ကိုမြတ်မင်းတစ်ယောက်တည်း ရှေ့တန်းတွင် အားသွန်ခွန်စိုက် ကြိုးပမ်းနေရသည်ကိုလည်း သူတို့အသိ။ ရွှေလုပ်ကွက်မှ အကျိုးအမြတ်များများ မပေါ်ထွန်းသေးသည်မှာလည်း စက်ကြီးများနှင့် လုပ်သားအင်အား ချမပေးနိုင်သောကြောင့်ဟု အဖြေထွက်နေသည်။

"ပို့သာပို့လိုက်ပါဗျာ။ ဖြစ်လာမှတော့ ရှင်းရမှာပဲ။ စက်ကုမ္ပဏီကိုတော့ ခင်ဗျားကိုယ်တိုင် သွားပြောပါဗျာ။ တော်ကြာ အကြွေးစာရင်းဆိုပြီး စာလှမ်းပို့နေမှ စီမံဘက်ကပါသိပြီး ကျွန်တော်တို့ဖုံးထားသမျှ ပေါ်ကုန်လိမ့်မယ်"

ဦးသိန်းဇော်၏စကားကို ဦးဘသက်က နားထောင်နေသည်။

"အခု၊ စီမံကို ကျွန်တော်တို့ဘာသာ လုပ်မယ်ဆိုပြီး ဆိုင်းငံ့ဖို့ အကြောင်းကြားစာ ပို့ထားမယ်လေ။ စက်ပစ္စည်းနဲ့ အသုံးစရိတ် ထပ်မှာတာ သူတို့သိနေတယ်။ ကြည့်ကောင်းအောင်ပဲ ပြောထားရမှာပဲ"

သည်ကိစ္စကိုတော့ ဦးသိန်းဇော် စိတ်မပူသေး။ ကိုမြတ်မင်း တောင်းခံသည့် အမှာစာအား ဆုံးဖြတ်ချက်ချရမည်က ဦးသိန်းဇော်ပေမို့ ဆိုင်းငံ့ဟု အကြောင်းပြထားလိုက်ရုံသာ။ စီမံက ဘာမှ ဆက်မေးတော့မည် မဟုတ်။

တစ်ခုတော့ ရှိသည်။ သည်ပြဿနာကို ကာယကံရှင် ကိုမြတ်မင်းထံသို့ တိုက်ရိုက်ပြောထားမှဖြစ်မည်။ ဦးသိန်းဇော်က စဉ်းစားရင်း ကိုမြတ်မင်းထံသို့ ဖုန်းခေါ်လိုက်ပါတော့သည်။

□

mgyoe.com

mgyoe.com SAMPLE BOOK

# အခန်း (၃)

ပွဲထောင်လှေဦးပိုင်းမှ ကောင်လေးက ခဲသီးကြိုးကိုမှတ်ရင်း လှမ်းအော်ပြော နေသည်။ ပွဲပိုင်းမှ ပွဲကိုင်က စက်သံကို အညင်သာဆုံးထိန်း၍ မောင်းနေသည်။

''နှစ်ဆယ့်တစ်နော်။ ညာဘက်ကိုတိုးမယ် ဖိုးအေးရေ''

ငြိမ်းနုက ပွဲကိုင်ဖိုးအေးကို လှမ်းပြောရင်း ရေအတိမ်အနက်ခန့်မှန်းချက်ကို စာအုပ်တွင် ရေးသွင်းလိုက်သည်။ ပွဲထောင်လှေက ညာဘက်ဆီသို့ ဦးတည်လိုက် သည်။ ပြည်ရွှေဆံတော်ဘုရားကို ဟိုးအဝေးတွင်လှမ်း၍ ဖူးမျှော်နေရသည်။ ကမ်း၏ တစ်ဖက်မှာတည်ရှိနေသော ရွှေဘုံသာမုနိစေတီတော်ကိုလည်း ဖူးတွေ့နေရသည်။ အချိန်မှာ နေ့လည် ဆယ့်တစ်နာရီကျော်ခဲ့လေပြီ။

''အစ်မရေ ဆယ့်ရှစ်''

''ဟုတ်ရဲ့လားဟယ်၊ ပြန်တိုင်းပါဦး''

ကြိုးချရင်း အော်ပြောနေသော ကောင်လေးစကားကို ငြိမ်းနုက မယုံနိုင်စွာ တုံ့ပြန်ရင်း ခဲသီးကြိုးကို လာ၍ကြည့်နေ၏။ ကောင်လေးက ကြိုးကိုဆွဲပြီး ဖြည်းညင်း စွာ ပြန်ချပြသည်။ ခဲသီးတပ်ထားသောကြိုးက မြစ်ကြမ်းပြင်နှင့်အထိတွင် ရေပေါ်၌ တစ်ချက်တုန့်ကာ တွန့်ခေါက်သွားသည်။ ရေအမှတ်က ဆယ့်ရှစ်ဟု ပြနေ၏။

mgyoe.com

mgyoe.com

ငြိမ်းနုက ပဲ့ပိုင်းမှ ဖိုးအေးကို ညာဘက်သို့ဆက်၍ ရွှေပြေးရန် အချက်ပြလိုက်သည်။ စက်သံကမြင့်တက်လာပြီး ပဲထောင်ဦးက ညာဘက်ဆီသို့ ဆက်၍ တိုးကပ်သွားပြန်သည်။ ငြိမ်းနုက ရေအနက်ကို သိချင်လှသဖြင့် ကောင်လေးချသည့် ကြိုးကိုဂရုတစိုက်ကြည့်နေ၏။ ကြိုးမှာ ဆယ့်ငါးပေအကျော်တွင် ရပ်တန့်သွားပြန်သည်။

"ငါ ဆင်းပြီးသာ ရေငုပ်ကြည့်လိုက်ချင်တယ်။ ဝဲဂယက်သောင်နုန်းမြေဆိုတာ ယုံတောင်မယုံနိုင်ဘူး"

ငြိမ်းနုက ရေနေရာအကွာအဝေးနှင့် တည်နေရာကို မှတ်သားထားသော ဇယားကွက်နဘေးတွင် ရေအတိမ်အနက်ကို ရေးသွင်းရင်း ခပ်ငြိုးငြိုး ပြောနေဖြစ်သည်။ မနှစ်က သူတိုင်းတာခဲ့စဉ်က အနည်းဆုံး ငါးပေကျော် ပို၍ရေစူးနက်ခဲ့သော မြစ်ကြမ်းပြင်သည် ယခုအခါ မယုံနိုင်လောက်အောင် နုန်းမြေများတိုး၍ ရေစူးမှာ တိမ်သထက်တိမ်လာခဲ့ပြီ။

"ပြန်ကြမယ်ဟေ့၊ နဝဒေးတံတားဘက်သွားရအောင်"

ငြိမ်းနု စကားကြောင့် ဖိုးအေးက ပဲ့ထောင်လှေကို ရေစုန်အတိုင်း ပြန်၍ ဦးတည်လိုက်တော့သည်။ မြစ်၏ရေစီးအားနှင့် စက်အရှိန်ကြောင့် ပဲ့ထောင်လှေမှာ အဟုန်ခွင်း၍ ပြေးထွက်လာတော့သည်။

"မနှစ်က ဒီထက်နက်တယ်နော်"

ကောင်လေးက ငြိမ်းနုကို လှမ်းပြောလိုက်ခြင်းပင်။

"အေးဟယ်၊ တစ်နှစ်ထက်တစ်နှစ် ရေစူးက ပိုပြီး တိမ်လာတယ်။ နောက်ဆိုရင်တော့ လမ်းလျှောက်ပြီးတိုင်းရမယ့်ကိန်းပဲ"

"အစ်မကြီးတို့က ဘာလို့လာတိုင်းတာလဲဟင်"

ကောင်လေး၏အမေးကို ငြိမ်းနု ရုတ်တရက် မဖြေနိုင်။ သူ့ရင်ဘတ်မှာထိုးထားသော "စိမ်းသောကမ္ဘာ" ဟူသည့် စာတန်းရင်ထိုးလေးကို ကောင်လေးနားလည်မည်မထင်။

"အစ်မတို့က မြစ်တွေ၊ သစ်တောတွေ၊ ငှက်တွေကို လေ့လာပြီး နှစ်စဉ်စာတမ်းတွေရေးတယ်လေ"

"ပိုက်ဆံရလားဟင်"

"အင်း ဘယ်လိုပြောရမလဲ။ ဒါက ဝါသနာပါလို့လုပ်တာလေ။ အစ်မတို့က လစာတော့ ဘယ်ရပါ့မလဲ။ ဒါက ဒီလိုပဲလုပ်ကြတာပဲလေ။ မြစ်တွေရေတိမ်လာရင် အစ်မတို့က သတင်းမီဒီယာတွေကို အကြောင်းကြားတယ်။ သစ်ပင်တွေ၊ သစ်တောတွေ၊ သဘာဝဘေးမဲ့တောတွေ ပျက်စီးလာရင် အကြောင်းကြားတယ်"

mgyoe.com

mgyoe.com


"ပိုက်ဆံ တကယ်မရဘူးလားဟင်။ ဟာ ဟိုမှာ ငါး ငါး"

ကောင်လေးက မြစ်ကိုဆန့်တက်နေသော ငါးတစ်ကောင်ကို လှမ်းအော်ပြရင်း သူ့ဘာသာသာဆက်၍ ငေးနေတော့သည်။

ငြိမ်းနုက မှတ်တမ်းတင်ထားသော ရေစူးမှတ်များနှင့် သောင်ထွန်းနေမှုများကို အသေးစိတ် ပြန်၍ကြည့်ရှုရင်း ဝမ်းဗိုက်ဆီမှ အသံပေးလာသည်မို့ ဆိပ်ကမ်းသို့ ရောက်လျှင် ထမင်းစားဦးမည်ဟု တွေးနေလိုက်သည်။

ဘာလိုလိုနှင့် ငြိမ်းနု ခရီးထွက်လာသည်မှာ ရှစ်ရက်တိုင်ခဲ့လေပြီ။ မြစ်လမ်းကြောင်းတစ်လျှောက် သောင်ထွန်းတတ်သည့်နေရာတစ်ဝိုက်သို့ ရေအတိမ်အနက်၊ ရေစီးအား၊ သောင်ထွန်းမှုများကို လိုက်လံမှတ်တမ်းတင်ရင်း တွေ့ရှိသမျှစာတမ်းများ ရေးသားနေဖြစ်သည်။ နောက်သုံးရက်ဆိုလျှင် ဗန်းမော်သို့သွားရမည်။ သူတစ်ယောက်တည်းတော့မဟုတ်။ သဘာဝပတ်ဝန်းကျင်လေ့လာရေးအဖွဲ့မှလူများ၊ ဘူမိဗေဒပညာရှင်များနှင့် ရိုက်ကူးရေးအဖွဲ့ဝင်များပါ သွားကြမည့်ခရီးစဉ်ဖြစ်သည်။ ထိုခရီးစဉ်အား ပြည်တွင်းကုမ္ပဏီကြီးတစ်ခုမှ စရိတ်စကကျခံ၍ ပို့ဆောင်ပေးခြင်းပင်။ မီဒီယာသမားများပါ ပါဝင်မည့်ခရီးစဉ်မို့ ငြိမ်းနု လိုက်ခွင့်ရသည်ကို ဝမ်းသာနေမိသည်။ ငြိမ်းနု မှတ်သားထားသမျှကို ရှင်းပြရမည့်အစီအစဉ်လည်း ပါသည်။ ပညာရှင်များ၏ ဆွေးနွေးချက်များလည်းပါဦးမည်မို့ ဗဟုသုတကောင်းစွာရမည့် ခရီးစဉ်တစ်ခုဖြစ်သည်။

"ထမင်းအရင်စားမှာလား အစ်မ"

ဖိုးအေးက နောက်ဖက်မှလှမ်းမေးသဖြင့် ငြိမ်းနု ခေါင်းညိတ်ပြရင်း ဆိပ်ကမ်းဘက်သို့ ဦးတည်နေသောလှေဦးကို လှမ်းကြည့်နေဖြစ်တော့သည်။

❑

လောဟိုက ထမ်းလာသောထင်းစီးကိုချ၍ ကိုမြတ်မင်းရပ်နေသည့် သစ်ပင်ခြေရင်းသို့ကပ်လာရင်း လွယ်ထားသည့်ရေဗူးကိုဖွင့်ကာ တစ်ငုံမျှ မော့သောက်လိုက်သည်။ ကိုမြတ်မင်းက စီးကရက်တစ်လိပ်ထုတ်ပြီး ကမ်းပေးလိုက်သည်။

"သူက ဘယ်နေရာကိုသွားတတ်လဲ၊ ညီလေး တကယ်မသိဘူးလား"

လောဟိုက မေခမြစ်ဘက်ဆီသို့ လှမ်းမျှော်၍ကြည့်နေ၏။

"အစ်ကိုက မနစ်နာအောင်ပေးမှာ၊ ထွက်သမျှ အချိုးကျရချင်တယ်ဆိုလည်း ပြောပါ။ အစ်ကိုသိချင်တာကိုသာပြောပြ။ ပြီးတော့ ဒီကိစ္စကို ဘယ်သူ့မှမသိစေရဘူး"

mgyoe.com

mgyoe.com SAMPLE BOOK

ကိုမြတ်မင်းစကားကို လောဟိုက တုံ့ဏှိဘာဝေ။ သူငေးမောနေသည့် မေခ မြစ်ရိုးဘက်ဆီတွင် မြူတို့ဆိုင်းဝေနေသည်။ မနွားချောင်းဆီမှ ရွှေလုပ်ကွက်များသည် တစစဖြင့် ခက်ခဲစပြုလာပြီ။ သို့ရာတွင် နေ့စဉ် သောင်းဖြင့်ချီနေသော လူအုပ်စုကြီး က တူးဖော်ရှာဖွေနေဆဲ။ စက်ကြီးများဖြင့် တူးခပ်လိုက်သည့် မြစ်ကြမ်းပြင် မြေလွှာများက အဆင့်ဆင့် ကန့်ထားသော ကန်များကိုဖြတ်သန်း၍ ရေစီးနှင့်အတူ ချောင်းဆီသို့ အနည်အနှစ်ဆန်စွာ ပြန်၍ထိုးဆင်းသွားသည်။ မြစ်ကမ်းပါးမှ တောင်တို့သည် တူးဆွနှိုက်ယူခြင်းကြောင့် အပြတ်လိုက်ပဲ့၍ ထွက်နေသည်။ မြေလွှာထဲမှ နုန်းတင်ကျန်ရစ်သည့် ဖြုံးများကို ကျင်သူ များက ကျင်နေသည်။ ရေပိုက်ဖြင့် ထိုးချသူများက ထိုးချနေသည်။ ရွှေလုပ်ကွက် အဆိုင်းများက တစ်နေ့တစ်နေ့ တိုး၍သာလာသည်။ မြန်မာပြည်ဒေသအသီးသီးမှ ရွှေတူးရန်လာသူများ က တန့်ဖဲကျေးရွာနှင့် မြစ်ဆုံတစ်ဝိုက်တွင် စည်ကားနေတော့သည်။

ကိုမြတ်မင်းတို့ ရွှေလုပ်ကွက်များက အဆိုင်းလိုက်ခွဲ၍ သုံးချိုးတစ်ချိုးနှုန်းဖြင့် ရှာဖွေနေသည်။ သုံးကျပ်သားထွက်လျှင် တူးသူများက တစ်ကျပ်သားရမည်။ ကုမ္ပဏီ က နှစ်ကျပ်သားရမည်။ ကျင်းသမားများ၏ရိက္ခာနှင့် ဈေးငွေကို ပြန်၍ခုနှိမ်ပေး သည်။ ရွှေထွက်ကောင်းသည့်လုပ်ကွက်ဆိုလျှင် အဆိုင်းသမားများက မနားမနေဝင် လာကြစမြဲ။

ကိုမြတ်မင်းက ထိုလုပ်ငန်းများကို တာဝန်ခံများနှင့်လွှဲထားပြီးပြီ။ ရောက်လာ မည့်စက်ကြီးများကို စောင့်စားရင်း အဓိကကျသည့် ရွှေကြောသစ်ကိုရဖို့ စောင့်ဆိုင်း နေရသည်မှာ နှစ်ပတ်ကျော်ခဲ့ပြီ။ သို့ရာတွင် ဇော်ဟိုးက ပြန်မလာသေး။ ဆိုင်မှာလည်း မေးမြန်း၍မရ။ သို့သော် သူနောက်မဆုတ်နိုင်။

''ဒီက ရွှေကြောတွေက သူပဲသိတာအစ်ကိုရ။ သူက တစ်သက်လုံး ဒီမြစ် ကြောတွေမှာ သွားနေတာ။ ကျွန်တော်က ဒီဇာတိမဟုတ်တော့ မသိဘူး။ မနူးကလည်း တကယ်မသိလို့နေမှာပါ''

''တခြားဘယ်သူတွေ သိသေးလဲ''

သူ့အမေးကို လောဟိုက ခေါင်းခါပြပြီး စီးကရက်ကို ဖွာရှိုက်ရင်းမှ ချထား သောထင်းစီးကို ပြန်ပင့်၍ ထမင်းဆိုင်သို့ ထွက်ခွာသွားတော့သည်။

တန့်ဖဲမှာက သတင်းတွေက မျိုးစုံထွက်နေ၏။ ရွှေလုပ်ကွက်များကို ကုမ္ပဏီ ကြီးတစ်ခုမှ သိမ်းတော့မည့်သတင်း။ ကချင်အထူးဒေသက ဆက်လက်လုပ်ကိုင် တော့မည့်သတင်း။ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးသမားများက ကန့်ကွက်

m.gyoe.com

mgyoe.com

နေသဖြင့် ရပ်ဆိုင်းတော့မည့်သတင်း။ စာချုပ်များပြည့်လျှင် ဆက်လက်လုပ်ကိုင်ခွင့် မပေးတော့မည့်သတင်း။

ထိုသတင်းများကို ရန်ကုန်မှကုမ္ပဏီကလည်း ကြားနေသည်။ ထို့ကြောင့် သူမှာယူသည့်အသုံးငွေစာရင်းနှင့် စက်ကြီးများကို ပို့ပါမည့်အရေး၊ ရွှေကြောအသစ် တွေ့ပြီလားဟု မေးမြန်းနေပြီ။ အန်ကယ်ဦးသိန်းဇော်ကိုယ်တိုင် သူ့ကို ဖုန်းဆက် ပြီး စက်ကြီးများကိစ္စနှင့် ကုမ္ပဏီ၏လက်ကျန်ငွေကိစ္စများ ပြောပြထားသည်။

လတ်တလော တန်ဖဲမှသတင်းများ မည်သို့ဖြစ်နေစေကာမူ နေ့စဉ်နှင့်အမျှ ဝင်လာကြသည့် ရွှေလုပ်သားများက သောင်းချီနေသည်။ ပြန်သူလည်းပြန်။ လာသူ လည်းလာ။ ထို့ကြောင့် ရွှေလုပ်ကွက်များရပ်ဆိုင်းရတော့မည်ဆိုသည်ကို တန်ဖဲမှ မည်သူမှ မယုံပါချေ။ သူကိုယ်တိုင်လည်း လုံးလုံးမယုံ။ ဤတစ်နယ်ထဲမှ နေ့စဉ် ထွက်ရှိနေသည့် ရွှေထွက်နှုန်းကြောင့် နိုင်ငံတော်သို့ပေးဆောင်နေသည့် အခွန်တော် မှာ ခန့်မှန်း၍ပင်မလွယ်။ ရွှေလုပ်ကွက်များမှ အဆိုင်းလိုက် အဆိုင်းလိုက်တူးဖော် နေကြသည့် ရွှေလုပ်သားများကြောင့် အခွန်တော်ငွေများက စက္ကန့်နှင့်အမျှ တိုးဝင် နေသည်။

ထို့ကြောင့် မည်သူမှ ထိုကိစ္စကို မစိုးရိမ်။

ကချင်အထူးဒေသမှ တားမြစ်မည်ကိုလည်း မည်သူမှမစိုးရိမ်။

သဘာဝပတ်ဝန်းကျင်က ထထအော်နေသည်မှာလည်း မပြောပလောက်။ အော်စမ်း။ ကြိုက်သလောက် အော်ပါစေ။ ဒီနယ်မြေတွင်ကျင်လည်နေသူများ မည်သို့ ပင်ပန်းခက်ခဲစွာ ရှာဖွေနေရသည်ကို သူတို့မသိနိုင်။ ရွှေအကြောင်းဆိုလျှင် ပို၍ ဝေးတော့မည်။ လူပေါင်း သိန်းသောင်းချီနေသော ဘဝများစွာ၏ထွက်ပေါက်ကရွှေ။ ထိုရွှေကို ရှာနေသူများဘက်က တွေးကြည့်လျှင် မြေကြီးထဲမှရွှေရှာခြင်းသည် မည်သည့် အကုသိုလ်မှမပါ။

ကိုမြတ်မင်းက လက်ထဲမှစီးကရက်ကို ပစ်ချလိုက်ပြီး သက်ပြင်းဖွဖွကို ချလိုက်သည်။ သူ မြန်မြန်သိချင်လှပြီ။ ဇော်ဟိုးသိထားသည့် မေခမြစ်ရိုးမှ ရွှေ ကြောသစ်ကြီးကို သိချင်လွန်းလှပြီ။ ထိုကိစ္စကို လူများများအသိခံ၍မဖြစ်။ သည် ဒေသမှာက အားလုံးသည် မုဆိုး။ ရွှေဟူသော မြေမှရတနာအတွက် နည်းအမျိုးမျိုး ကြံစီအားထုတ်နေကြသည့် ရွှေမုဆိုးများချည်းသာ မဟုတ်လော။

□

mgyoe.com

 mgyoe.com SAMPLE BOOK 

"ကောင်းသားပဲ။ ကျွန်တော်တို့သုံးပါ့မယ်။ ထားခဲ့လိုက်လေ"

အယ်ဒီတာဦးစိုးအေးက စာမူကို ဖတ်ကြည့်ပြီးနောက် မှတ်ချက်ပေးရင်း စားပွဲရှေ့မှ ဧည့်သည်နှစ်ဦးကို ပြုံးပြလိုက်ပါသည်။

ထိုအပြုံးကြောင့် စုက အဘိုးဖြစ်သူရှေ့မှာပင် လက်မလေးထောင်ပြလိုက်သည်။ ဦးကောင်းမြတ်က ကျေနပ်စွာဖြင့် ကြည့်နေတော့သည်။

"ပုံက"

အယ်ဒီတာဦးစိုးအေးထံမှ မေးလာသည်။

"ဝက်ဆိုဒ်ထဲက ထုတ်ထားတာပါ"

"ဆိုဒ်နာမည်တော့ သုံးပေးရလိမ့်မယ်"

ထိုကိစ္စကိုတော့ ဦးကောင်းမြတ် ကန့်ကွက်ရန်မရှိ။ ဦးစိုးအေး လက်ထဲမှ ပန်ဒါနီဓာတ်ပုံလေးက စိုပြေအေးချမ်းလှတော့သည်။ ထိုဆောင်းပါး၏ ရည်ရွက်ချက်က ပန်ဒါနီဝက်ဝံတို့၏ ဓလေ့ထုံးစံများ၊ စားသောက်နေထိုင်မှုများ၊ ရှားပါးအဖိုးတန်မှုများကို ရှာဖွေစုစည်း တင်ပြထားသည့် ဆောင်းပါးဖြစ်သည်။ ထိုဆောင်းပါး၏ မူလအခြေခံမှာ ယခင်အပတ်က ဦးစိုးအေးတို့ သတင်းသစ်ဂျာနယ်တွင် ဖော်ပြခဲ့သော ပန်ဒါနီကလေး ပျောက်ဆုံးမှု၏ နောက်ဆက်တွဲကို သိစေဖို့ပင်။ ပန်ဒါနီဝက်ဝံလေး တစ်ကောင်၏ ဓလေ့စရိုက်၊ ရှားပါးအဖိုးတန်မှုနှင့် ကမ္ဘာမှာပင် အမြတ်တနိုးတန်ဖိုးထားမှုများကို စုစည်းတင်ပြထားခြင်းပင်။

ထို့ပြင် ကချင်ပြည်နယ်မြစ်ဆုံဒေသမှ သဘာဝဘေးမဲ့တောများအတွင်း ရှားပါးအဖိုးတန်သည့် တောတွင်းတိရစ္ဆာန်များကိုပါ ဆက်၍ရေးသားထားသည်။

"ဒီလိုဆောင်းပါးမျိုးတွေ ဆက်ရေးစေချင်တယ်ဗျာ။ ပြီးတော့ ကချင်ပြည်နယ်နဲ့ပတ်သက်ပြီး သတင်းဆောင်းပါးမျိုးတွေလည်း လိုချင်ပါတယ်။ အဲဒီဘက်မှာ နယ်မြေခံသတင်းထောက် လုပ်နိုင်မယ့်သူကိုတောင် ရှာနေတာ"

"အခုလားဟင်"

စုက အလောသုံးဆယ် ဝင်မေးလိုက်ပါသည်။

"ဘာလဲ။ သမီးက စိတ်ဝင်စားလို့လား"

"ဟဲ ဟဲ၊ မေးကြည့်တာပါ အန်ကယ်ရဲ့"

စု စကားကြောင့် အယ်ဒီတာဦးစိုးအေးရော၊ ဦးကောင်းမြတ်ပါ ရယ်မိကြသည်။ တကယ်တော့ စုတစ်ယောက် စိတ်အားထက်သန်နေသည်မှာ သိသာလွန်းလှ၏။

"ကျွန်တော့်မြေးကတော့ တကယ့်ကို သတင်းထောက်ရူးနေတာ ဆရာရဲ့၊ အိမ်မှာ သူ့ဘာသာ ရေးထားတဲ့ သတင်းဆောင်းပါးတွေ အများကြီးပဲ"

mgyoe.com

 mgyoe.com SAMPLE BOOK 

"ဟာ ကောင်းတာပေါ့ အန်ကယ်ရယ်၊ ကျွန်တော်တို့က အဲဒီလိုသတင်းထောက် မျိုးကို မျှော်နေတာ။ ဖတ်ချင်လိုက်တာဗျာ။ ဒါနဲ့ သမီးက ကျောင်းပြီးပြီလား"

ဦးစိုးအေး စကားကို စုက ခေါင်းညိတ်ပြပါသည်။

ပြီးတော့ ဦးကောင်းမြတ်က သူ့ဆန္ဒကို ထုတ်ဖော်ပြောပြလာသည်။ မြေးမ စုကို ဝါသနာပါသော သတင်းထောက်အလုပ်မျိုး လုပ်စေချင်သည့်ဆန္ဒပင်။ ဦးစိုးအေး ကလည်း မျက်မှောက်ခေတ် မီဒီယာလောကမှာ ပါဝင်နေကြသည့် လူငယ်မောင်မယ် သတင်းထောက်များအကြောင်း ပြောပြပါသည်။ သူတို့ချင်း ပို၍ ရင်းနှီးလာကြတော့ သည်။ ဦးစိုးအေးက စုအကြောင်း ဆက်၍မေးမြန်းကြည့်သည်။

"နေတော့ကော"

"သူ့အမေနဲ့နေတာ၊ သူ့အဖေက ကျွန်တော့်သားလေ။ ဆုံးသွားပါပြီ။ အမေ လုပ်တဲ့သူကလည်း ဆိုင်တစ်ဖက်နဲ့ မအားရှာဘူး။ သူက သတင်းထောက်အလုပ် ကို တော်တော်ဝါသနာပါတာ။ ဒီဆောင်းပါးကိုလည်း ကျွန်တော့်ကို အသေးစိတ် မေးမြန်းပြီးရေးတာ၊ ပြီးတော့ ဝက်ဆိုဒ်ထဲက တွေ့သမျှလည်း သင့်တော်တာထည့် သေးတယ်။ အရင်တုန်းကလည်း ဒီလိုပဲ သူကြိုက်တဲ့သတင်းတွေဆိုရင် နောက် ဆက်တွဲဆောင်းပါးတွေ သူ့ဘာသာရေးတော့တာပဲ။ ကျွန်တော်ကတော့ တည်းဖြတ် ပေးရတာပေါ့။ ဘယ်မှတော့ မပို့ဖြစ်ပါဘူး။ ကျောင်းကလည်း မပြီးသေးဘဲကိုး။ အခုတော့ ကျောင်းလည်း ပြီးနေပြီ။ ဒါပေမဲ့ ကျွန်တော်က သတင်းထောက်အလုပ် ကို အရင်လှေ့လာခိုင်းထားတယ်။ တကယ်ဝါသနာပါတာတော့ ဟုတ်ပါတယ်။ ခက်တာက ဝေးဝေးလံလံ သွားရ လာရမှာဆိုတော့ ကျွန်တော် စိတ်မချဘူး"

ဦးကောင်းမြတ်၏ စကားကြောင့် စုက မကျေမနပ်ဖြစ်သွားသည်။

"ဘိုးကလည်း ဒီမှာ စုတို့လိုလူငယ်တွေမှ အများကြီး၊ အများကြီးမှ အများကြီး၊ ဘာမှစိတ်မချစရာမရှိဘူး။ နော် အန်ကယ်နော်"

စုက အယ်ဒီတာကိုပင် စစ်ကူတောင်းနေပြန်သည်။

"ဟုတ်ပါတယ် အန်ကယ်၊ အဲဒီအတွက်တော့ စိတ်ချပါ။ ဒီကနေ့ သတင်း မီဒီယာသမားတွေထဲမှာ လူငယ်သစ်တွေ ပြည့်နေပါပြီ။ သူတို့ဆီမှာ ခေတ်အမြင်တွေ ရှိတယ်။ ကိုယ့်ကိုယ်ကိုယ်လည်း ထိန်းသိမ်းနိုင်ပါတယ်။ ပြီးတော့ ဂျာနယ်တိုက် တွေမှာလည်း စည်းကမ်းတွေ၊ ကျင့်ဝတ်တွေ၊ ဆုပေး ဒဏ်ပေးစနစ်တွေ သုံးနေတာပဲ။ သူ တကယ်ဝါသနာပါတယ်ဆိုရင် ကျွန်တော်ကြိုဆိုပါတယ်။ သင်တန်းတွေလည်း ရှိနေတာဆိုတော့ သတင်းထောက်ကောင်းတစ်ယောက်ဖြစ်ဖို့ မခဲယဉ်းပါဘူး။ တစ်ခုပဲ

mgyoe.com

mgyoe.com SAMPLE BOOK

ငွေကြေးလစာကတော့ အပြင်အလုပ်တွေလို မရှင်ဘူး။ အလုပ်မှာ ပျော်မွေ့လောက်တဲ့ လစာပဲ ပေးနိုင်မှာ''

ထိုစကားကြောင့် ဦးကောင်းမြတ်က စုကို ကြည့်လိုက်သည်။ ထိုအကြည့်ကို စု နားလည်ပါသည်။ စု မေမေသီရင်ကောဆိုသည့်အကြည့်။ စုကလည်း ဘာတတ်နိုင်မလဲ ဘိုးရယ်ဟူသော အကြည့်ဖြင့် တုံ့ပြန်လာသည်။

''စု အပြင်ကို ခဏထွက်ပေးပါလား''

ဦးကောင်းမြတ်က စုကို ရုတ်တရက်ပြောလိုက်သည်။ အယ်ဒီတာပင် အံ့အားသင့်သွားမိသည်။ စုက ခေါင်းညိတ်၍ အခန်းထဲမှ ထွက်သွားပါတော့သည်။

ဦးကောင်းမြတ်က အယ်ဒီတာကို စူးစိုက်၍ကြည့်ကာ သူစီစဉ်ထားသည့် အစီအစဉ်တချို့ကို ပြောပြရန် စတင်၍ ဆွေးနွေးပါတော့သည်။

❑

သင်္ဘော၏ဦးပိုင်းသည် မြစ်ညာသို့ဆန်တက်ရင်း ရေလွှာပြင်ကို ခွင်းလျက်ရှိသည်။ မြစ်ဝန်းကျင်တစ်ဝိုက်တွင် မြူတို့ဆိုင်းနေ၏။ အရဏ်ဦးသည် မြစ်ဝန်းကျင်ကို လွှမ်းခြုံလျက် လောကကို နှုတ်ခွန်းဆက်နေသည်။

သင်္ဘော၏ပထမထပ်၌ စကားဝိုင်းကျင်းပနေသည်။ ဗွီဒီယိုဖြင့် မှတ်တမ်းယူကာ မြစ်ဝန်းကျင်ကိုတစ်လှည့်၊ စကားဝိုင်းကို တစ်လှည့်ရိုက်ကူးနေပါသည်။

စကားဝိုင်းဖွဲ့နေသူများက လူဆယ့်ငါးဦးခန့်ရှိသည်။ အားလုံးက ဆွေးနွေးတင်ပြနေသည့် ပိန်ပိန်ပါးပါး၊ အသားဖြူဖြူ၊ မျက်နှာထားရှင်းသန့် ဝင်းပ နေသည့် အသက်နှစ်ဆယ်ကျော်မိန်းမပျိုထံမှ တင်ပြချက်များကို ဂရုတစိုက် နားထောင်နေကြခြင်းပင်။ မိန်းမပျိုက ကြည်လင်ပြတ်သားလျက် တည်ငြိမ်သောလေသံဖြင့် ရှင်းပြနေသည်။

''ကျွန်မပြောခဲ့သလိုပဲ။ ဒီကိစ္စဟာ သဘာဝသစ်တောတွေ၊ ရွှေတူးဖော်တဲ့ လုပ်ငန်းတွေသက်သက်နဲ့ချည်း မြစ်တိမ်ကောလာတာ မဟုတ်ပါဘူး။ မြစ်ထဲကနေ သဲထုတ်ယူတဲ့ လုပ်ကွက်တွေကြောင့်လည်း မြစ်ရေစီးကြောင်းပြောင်းပြီး ထိခိုက်မှု ရှိပါတယ်ရှင်၊ ပြီးတော့ စောစောကပြောတဲ့ ရွှေတူးဖော်နေတဲ့ကိစ္စ၊ တူးစက်ကြီးတွေနဲ့ စက်ယန္တရားကြီးတွေသုံးနေတာ မြစ်ကိုထိခိုက်ပါတယ်။ ဖြုံးကထွက်လာတဲ့ရွှေကို သန့်စင်တဲ့ 'ဆိုက်ကိုနိုက်' အက်ဆစ်ကလည်းမြစ်ကိုရော၊ ရေသတ္တဝါတွေကိုပါ ထိခိုက်ပါတယ်။ နောက် အဓိကကျတာက မြစ်ကြောတစ်လျှောက်မှာရှိတဲ့ စက်ရုံကြီးတွေကြောင့်လည်း ပါပါတယ်။ ဘိလပ်မြေစက်ရုံတွေ၊ စက္ကူစက်တွေ၊

mgyoe.com

mgyoe.com SAMPLE BOOK


ဓာတ်မြေသြဇာစက်ရုံတွေ ပြီးတော့ စက်မှု လုပ်ငန်းလုပ်ကိုင်နေတဲ့ စက်ရုံတွေကနေ စွန့်ပစ်လိုက်တဲ့ ဓာတုအဆိပ်တွေ၊ စွန့်ပစ် ရေဆိုးရေညစ်တွေကြောင့် မြစ်ကို ထိခိုက်နေပါတယ်။ ဒါက အခု ချက်ချင်းကို တားမြစ်ရမယ့်ကိစ္စပါ''

''နောက်ပြဿနာတစ်ခုကတော့ ရေနေသတ္တဝါတွေ အလဟဿ သေကျေပျက်စီးတယ်။ မျိုးဆက်မပွားနိုင်အောင် ဖြစ်နေတယ်။ မလိုလားအပ်တဲ့ အသက်ဆုံးရှုံးရတယ်။ အဲဒါက မြစ်ထဲမှာ လျှပ်စစ်နဲ့ ရှော့ခ်ရိုက်ပြီး ငါးဖမ်းတာ၊ ပုစွန်ဖမ်းတာတွေ ကျယ်ပြန့်လာလို့ပါပဲ။ ဒီလို ဖမ်းဖို့ ဘယ်ဥပဒေကမှ ခွင့်မပြုပါဘူး။ ရေနေသတ္တဝါတွေအများကြီးကို ထိခိုက်နစ်နာပါတယ်။ ရှော့ခ်ရိုက်လို့ မသေဘဲကျန်ခဲ့တဲ့ ရေနေသတ္တဝါတွေဟာ မျိုးဆက်မပွားနိုင်အောင် ဖြစ်ရပါတယ်။ ဒါကို ချက်ချင်း တားဆီးဖို့လိုနေပါတယ်ရှင်''

''ပြီးတော့ ရေဝေရေလဲ တောတွေရဲ့ပြဿနာကို.ဖြေရှင်းပေးဖို့လိုပါတယ်။ ဒီရေဝေရေလဲ ဧရိယာတွေဟာ မြစ်အတွက် ရေစီးရေလာနဲ့ ရေတိုက်စားနှုန်းကို အများကြီးအထောက်အကူပေးပါတယ်။ မြေဆီလွှာတိုက်စားမှုကိုလည်း လျှော့ချပေးပါတယ်။ မြစ်ထဲမှာ အနည်ပို့ချမှုနှုန်းတွေ နည်းလာစေတဲ့အတွက် မြစ်ကတိမ်ကောဖို့ မလွယ်ပါဘူး။ ဒါကြောင့် ရေဆေရေလဲတောတွေကို ထိန်းသိမ်းဖို့ အရေးကြီးပါတယ်။ သစ်တောဌာနနဲ့ စိုက်ပျိုးရေးဌာန၊ ဆည်မြောင်းဌာန၊ သတ္တုတွင်းဌာနတွေအားလုံး ပူးပေါင်းပြီး ထိန်းသိမ်းဖို့ဖြစ်ပါတယ်။ ဒီအတွက် ထိန်းသိမ်းရေးအဖွဲ့တွေ၊ အစုအဖွဲ့တွေ ဖွဲ့စည်းပြီး လုပ်မှကိုဖြစ်မှာပါရှင်''

''ကျွန်မတို့အဖွဲ့ရဲ့ တိုင်းတာချက်အရဆိုရင် မြစ်ရဲ့သောင်ထွန်းမှုနှုန်းထားဟာ နှစ်စဉ်နှစ်တိုင်း ကြောက်စရာကောင်းလောက်အောင် တိုးလာပါတယ်။ သောင်ထွန်းလာတဲ့အတွက် ရေစူးတိမ်လာပြီး ရေကြောင်းသွားလာရေးမှာ ထိခိုက်လာမှာပါ။ ဒါက မျက်မြင်ကို တွေ့ရတော့မယ့် မြစ်ကောမှုအန္တရာယ်ဖြစ်ပါတယ်။ တချို့က ထင်ကြပါတယ်။ မြစ်မှာ သောင်ထွန်းတော့ စိုက်ပျိုးရေးလုပ်ခွင့်သာတယ်လို့ ထင်ကြပါတယ်။ အဲဒါမဟုတ်ပါဘူး။ ထွန်းလာတဲ့သောင်တိုင်းဟာ စိုက်ပျိုးလို့မရပါဘူး။ မြေဆီသြဇာမရတဲ့ နုန်းမြေမျိုးတွေထွန်းလာတာကြောင့်. မြစ်ကြောင်းပိတ်ဆို့ပြီး ရေလမ်းကြောင်းပြောင်းလာတာကလွဲရင် ဘာမှအကျိုးမရှိတဲ့ သောင်ထွန်းမှုတွေ ဖြစ်လာနေပါပြီ။ မြစ်ဆိုတာ ကျယ်ပြန့်သွားတာ သဘာဝမကျပါဘူး။ မြစ်ဟာ ရေစီးမှန်ပြီး ရေသန့်ဖို့ဆိုရင် ပုံမှန်အကျယ်အဝန်းထက်မပိုတဲ့ ရေစီးအားကောင်းကောင်းနဲ့ နက်နက်ရှိနေဖို့က အဓိကပါရှင်။ ကျွန်မ ဥပမာပြောရရင် ကိုယ့်အိမ်က ရေအိုး၊ ရေတိုင်ကီတွေတောင် အနည်များလာရင် ခပ်ထုတ်ပစ်ရပါတယ်။ မြစ်ကိုတော့

mgyoe.com

ဘယ်သူခပ်ထုတ်ပေးမလဲဆိုတာ ဒီကနေ့ ဖြေရှင်းရမယ့်ပြဿနာပါပဲ။ ကျွန်မ ဒီအချက်အလက်တွေကို အန်ကယ်ဦးအုန်း (FREDA) ရဲ့ ဆွေးနွေးချက်တွေက တစ်ဆင့် တင်ပြရတာဖြစ်ပါတယ်ရှင်။ ကျွန်မရဲ့တင်ပြချက်တွေကို ဆွေးနွေးပေးကြဖို့ မေတ္တာရပ်ခံပါတယ်ရှင်"

ငြိမ်းနုက ဆွေးနွေးချက်ကို အဆုံးသတ်လိုက်သည်။ လက်ခုပ်သံများက လှိုင်လှိုင်ကြီး ထွက်ပေါ်လာတော့သည်။ စကားဝိုင်းတွင် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးမှ ပုဂ္ဂိုလ်များ၊ ဘူမိဗေဒပညာရှင်များ၊ မီဒီယာသမားများ ပါဝင်လာသော ကြောင့် ငြိမ်းနု၏ ဆွေးနွေးတင်ပြချက်ကို ချက်ချင်းပင် ဆွေးနွေးအဖြေရှာတော့သည်။ မည်သူမှ ကန့်ကွက်မေးခွန်းမထုတ်။ ကန့်ကွက်ရန်လည်း မရှိပါချေ။ သူတို့ဆန် တက်နေသည့် မြစ်ကြီးသည် မျက်မြင်မှာပင် အတိဒုက္ခကြုံနေရသည်လေ။ သူတို့ ထွက်လာကြသည့်ခရီးစဉ်၏ ရည်ရွယ်ချက်သည်လည်း မြစ်ကျန်းမာရေးအတွက်ပင် မဟုတ်လား။

"ကောင်းလိုက်တာ သမီးရယ်။ အန်တီ့ရင်ထဲမှာ ဆို့နင့်နေအောင်ခံစားရတယ်"

ဆံပင်ဖြူဖြူနှင့် ပြုံးရွှင်နေသော မျက်နှာထားပိုင်ရှင် အန်တီကြီးတစ်ဦးက ငြိမ်းနုလက်ကို ဖျစ်ညှစ်ဆုပ်ကိုင်၍ တုန်ခါနေသော လှိုက်လှဲသံဖြင့် ချီးမွမ်းပြောကြား လာသည်။

မီဒီယာသမားများက ဓာတ်ပုံတဖျပ်ဖျပ်။

ငြိမ်းနုစကားကို သဘာပတ်ဝန်းကျင်ထိန်းသိမ်းရေးမှ ဒေါက်တာတစ်ဦးက ဖြည့်စွက်ဆွေးနွေးပါသည်။ သူ့ဆွေးနွေးချက်ကလည်း စိတ်ဝင်စားဖွယ်ပင်။

မြစ်ဧရိယာတစ်လျှောက်ရှိ စက်ရုံများ၊ လူသုံးကုန်ပစ္စည်းထုတ်လုပ်ရေး စက်ရုံများ၊ စက်မှုလက်မှုလုပ်ငန်းများနှင့် လူနေအိမ်ခြေထူထပ်သော မြို့ရွာများမှ ထုတ်လွှတ်နေသည့် စွန့်ပစ်ပစ္စည်းများတွင်ပါဝင်သော ဓာတုအဆိပ်သင့်ပစ္စည်းများ၏ အန္တရာယ်နှင့် ထွက်နှုန်းတို့ကို တွက်ချက်တင်ပြသွားခြင်းဖြစ်သည်။

မြစ်သည် အကူအကယ်မဲ့၍နေလေပြီ။ မြစ်ဝှမ်းတစ်လျှောက်တွင် နေထိုင်ကြသူများကိုယ်တိုင်ပင်လျှင် မြစ်ထဲသို့ အဆိပ်ခပ်နေကြသည်။ ရေဆိုးရေညစ်များ၊ အမှိုက်သရိုက်များ စည်းကမ်းမဲ့စွန့်ပစ်နေကြသည်။ စိုက်ပျိုးရေးလုပ်ငန်း၊ မွေးမြူရေး လုပ်ငန်းများတွင် သုံးစွဲနေသော ဓာတုဗေဒပစ္စည်းများကြောင့်ဖြစ်သည်ဟု အော်ညည်း နေရပြီ။

စကားဝိုင်း၏ ပထမပိုင်းအပြီးတွင် အားလုံးကိုယ်စီ မြစ်ရေပြင်ကို ငေးမော၍ တွေးတောနေကြသည်။ မြစ်ကမ်းတစ်လျှောက်တွင် စက်ရုံများကို မြင်ယောင်နေသည်။

mgyoe.com

mgyoe.com

SAMPLE BOOK


ရွှေတူးဖော်သည့် လုပ်ကွက်များမှ ဒလဟော စီးမျောကြလာသည့် ရွှံ့နှစ်ရေများကို မြင်ယောင်နေသည်။ ရေထဲမှာ လျှပ်စစ်ရှော့ခ်ရိုက်၍ ငါးဖမ်းနေသောသူများကို မြင်ယောင်နေသည်။ မြစ်ကမ်းတစ်လျှောက် ထင်းခုတ်နေသောသူများ၊ သစ်ထုတ်လုပ်နေသောလုပ်ငန်းများကို မြင်ယောင်လာကြသည်။ ထို့အတူ မြစ်၏ကံကြမ္မာကိုလည်း သူတို့ တွေးနေသည်။ သူတို့ ငေးနေကြသည်။ တွေးရင်းငေးနေကြတော့သည်။

❑

ဒေါ်သီရိ အံ့အားသင့်သွားသည်။

သမီးဖြစ်သူ စုစုမြတ်ထံမှ ယခုလိုစကားမျိုး ထွက်ပေါ်လာလိမ့်မည်ဟု မျှော်လင့်မထားမိခဲ့ပေ။ ကျောင်းတက်နေချိန်ကတော့ မိဘအလုပ်ကို စိတ်မဝင်စားသည့်အပေါ် နားလည်ခွင့်လွှတ်ပါသည်။ ကျောင်းပြီးချိန်မှာတော့ မိမိတစ်ယောက်တည်း လုပ်နေရသည့် ရွှေဆိုင်အလုပ်ကို သမီးဘက်မှ စိတ်ပါဝင်စားစေချင်မိသည်။ ခက်နေသည်က သမီးအား မည်သို့မျှ ဖျောင်းဖျ၍မရ။ ရွှေဆိုင်ထိုင်ဖို့ အလျဉ်းဝါသနာမပါ။ မိမိနေထိုင်မကောင်း၍ တစ်ရက်တလေ ဝိုင်းဝန်းကူညီသည့်ရက်မျိုးမှာပင် သမီးသည် သူ့သဘာဝသူ့စရိုက်အတိုင်း ဆိုင်ရောက်သည်နှင့် ဂျာနယ်မျိုးစုံ ဖတ်ရှုနေတတ်သည်။ ကြာတော့လည်း ဒေါ်သီရိတစ်ယောက် ဖတဆိုးလေးပေပဲဟု တွေးကာ ကိုယ့်ဘာသာ တစ်ကိုယ်တည်း လုပ်ကိုင်နေမြဲပင်။

ယခု သမီးပြောသည့်စကားက ဆန်းလှပေ၏။

ရွှေထွက်သည့်ဒေသကို လေ့လာချင်သတဲ့။ မိမိ ရှယ်ယာထည့်ဝင်ထားသော ဦးသိန်းဇော်တို့ကုမ္ပဏီမှ ရွှေလုပ်ကွက်များအပေါ် သမီးက စိတ်ဝင်စားနေပါသတဲ့။ ဤသည်ကား ကောင်းသောလက္ခဏာဟု ယူဆရမည်လော။ သမီးအပေါ် စိတ်ချမိသည့်အချက်မှာ ချစ်ရေးကြိုက်ရေး ကိုယ်ရေးကိုယ်တာ ကင်းရှင်းနေသည့်အချက်ပင်။ ထိုအချက်ကိုတော့ဖြင့် မိမိကျေးဇူးတင်မိပါသည်။ မုဆိုးမ သမီးပေမို့ မတော်မတည့် သတင်းမျိုး မကြားရသည်ကိုပင် ဝမ်းသာနေ၏။ သမီးက သူ့ဘာသာ ထိန်းသိန်းနိုင်စွမ်းရှိသည်။ ပြီးတော့ အဘိုးဖြစ်သူက အရိပ်ပမာ အကဲခတ်နေတတ်သဖြင့် သမီးကို စိတ်မပူမိ။ ထို့ကြောင့်ပင် ဂျာနယ်တိုက်၌ အပျော်တမ်းသတင်းထောက် လုပ်မည်ဆိုသည်ကို မကန့်ကွက်ခဲ့။

မိမိအနေဖြင့် သမီးကို တွေးပူမိသည်မှာ ပြည်ပနိုင်ငံသို့သွားပါရစေဟု ပူဆာလာမည့်ကိစ္စသာ ဖြစ်သည်။ ယနေ့ခေတ်သည် လူငယ်များပြည်ပသို့ အကြောင်းမျိုးစုံဖြင့် ခြေဆန့်ကြသည်။ ပညာရေး၊ စီးပွားရေး၊ ဘဝမြင့်မားရေး၊ ဝင်ငွေကောင်းရရှိ

mgyoe.com

mgyoe.com


ရေးတို့အတွက် ပြည်ပနိုင်ငံများသို့ စွန့်စားထွက်ခွာနေကြသည်။ သမီးနှုတ်ဖျားမှ ဘယ်နေ့များ ပြောလာလေမလဲဟု တွေးပူနေမိချိန်တွင် ရွှေလုပ်ကွက်များဆီ သွားရောက်လေ့လာချင်သတဲ့။

မိမိ ငြင်းရန်မဝံ့။ လိုက်လျောဖို့ကိုလည်း အခေါင်အဖျားဒေသပေမို့ နီးစပ်ရာ ပတ်သက်ရာ အသိုင်းအဝိုင်းထဲ၌ စုံစမ်းကြည့်ရပြန်သည်။ အနီးစပ်ဆုံးက အန်ကယ် ဦးသိန်းဇော်တို့ပင်။ သူတို့ဆီမှာ မိမိကရှယ်ယာဝင်။ ပြီးတော့ ငယ်စဉ်တောင်ကျေး ဘဝကပင် အန်ကယ်ဦးသိန်းဇော်တို့နှင့် ဆွေမျိုးရင်းချာများလို နေလာခဲ့ကြသည်။ ထို့ကြောင့် စုံစမ်းကြည့်ရပြန်သည်။ ရွှေလုပ်ကွက်များမှာ လုံခြုံစိတ်ချရသည်။ ဒေသ အသီးသီးမှ လူပေါင်းစုံဝင်ထွက်နေကြသည်။ ဘာမှ စိတ်ပူစရာမရှိဟု သိရသည်။

သို့သော် မိမိ ဆုံးဖြတ်၍မရသေး။

သမီးကို အဓိကထိန်းသိမ်းစောင့်ရှောက်နေသူက အဘိုးဖြစ်သူပင်။ ထို့ကြောင့် သမီးဆန္ဒကို မယုတ်မလွန် အဖြေပေးထားရသည်။ အဘိုးဆန္ဒကို မေးမြန်းကြည့်ရဦးမည်ဟု အဖြေပေးထားသည်။ သတင်းထောက်လုပ်စဉ်က အဘိုးကိုယ်တိုင် ပွဲကိုင်ပေးခဲ့သည်ပဲ။ ဘာပဲဖြစ်ဖြစ် မိမိဆန္ဒကတော့ အရွယ်ရောက်လာပြီဖြစ်သော သမီးကို ရွှေလုပ်ကွက်များဆီသို့ သွားစေချင်သည်။ သင်းတစ်သက် မိမိ ဘယ်သို့ ရုန်းကန်ခဲ့ရသည်၊ ရွှေဆိုင်တစ်ဆိုင်ဖြစ်အောင် မည်သို့ ကြိုးပမ်းခဲ့ရသည်တို့ကို အမြုပ်ထွက်မတတ် ပြောလေတိုင်း သင်းက ပြန်ပြောလေ့ရှိသည်။ ရွှေများ ဘာခက်လို့လဲ မေမေရယ်။ ဟိုကယူ ဒီကရောင်းပဲဟာတဲ့။ ခက်လှချည်သေးရဲ့။ ပန်းထိမ်သမားရှာရ၊ ပုံစံထွင်ရ၊ ဈေးကွက်ကို အမြဲမပြတ် အကဲခတ်နေရ၊ ဖောက်သည်ရှာရနှင့် မိမိမှာ ဖတ်ဖတ်ကို မောနေရမြဲ။ ရွှေဆိုင်တစ်ဆိုင်မှာက သင်းပြောသလို ဟိုကယူ ဒီကရောင်းမှု လွယ်ကူလှသည် မဟုတ်ပါချေ။ ယခု သင်းက ရွှေလုပ်ကွက်တွေဆီ သွားလေ့လာနေချင်သည်။ သွားပါစေ။ သွားစမ်းပါစေ။ အဘိုးဖြစ်သူကို ကျေလည်အောင်ရှင်းပြရမည်။

သမီး စုတစ်ယောက် မိမိက တိုက်တွန်းနှိုးဆော်၍ ဆိုင်အလုပ်ခိုင်းမိလေတိုင်း အဘိုးဖြစ်သူထံ သံတော်ဦးတင်လေ့ရှိသည်။ ခမျာ ဝါသနာမပါ၊ ဆိုင်မထိုင်လိုပေမယ့် အမေဖြစ်သူက အတင်းအကျပ်ခိုင်းနေသလို အဘိုးထံသို့ပြေး၍ တိုင်တတ်သည်။ အဘိုးကလည်း သူ့မြေးမအတွက် အမွေအနှစ်ပုံ၍ပေးဖို့ ပြင်ဆင်ထားသူမို့ မိမိမှာသာ လူကြမ်းမိန်းမကြမ်း ဖြစ်နေရ၏။ ယခုတော့ သင်းလေး၏ဆန္ဒကို မိမိကအသာလေး မျောလိုက်ကြည့်ရမည်။ ရွှေလုပ်ကွက်များကို သင်းလေး စိတ်ဝင်စားနေပါကြောင်း နားပူနားဆာလုပ်နေပါကြောင်း ပြောပြရမည်။ အဘိုးသည် သူ့မြေးမ စုကို ဟန့်တားချင်မည် မထင်ပါချေ။ အဘိုးဖြစ်သူက ခွင့်ပြုပါလျှင် မိမိဘက်က အသာတကြည့်

mgyoe.com

mgyoe.com SAMPLE BOOK


စောင့်ကြည့်နေလိုက်ရုံသာ။ သင်းလေး ရွှေလုပ်ကွက်သို့ရောက်ပါမှ ဟိုကယူ ဒီက ရောင်းဟူသောစကား မှားကြောင်း ကောင်းကောင်းသိပေမည်။ မိမိအပေါ် ကိုယ်ချင်းစာပေလိမ့်မည်ဟု တွေးနေလိုက်တော့သည်။

□

စက်ရုံလုပ်ငန်းအစည်းအဝေးတွင် ကုမ္ပဏီဥက္ကဋ္ဌက ဒေါသတကြီးပြောဆိုနေသည်။ တက်ရောက်လာသော ဌာနမှူးများက နားထောင်နေကြရသည်။ အစည်းအဝေးခန်းမတွင် ဥက္ကဋ္ဌက မတ်တတ်ရပ်လျက် စိတ်ထဲရှိသမျှ အော်ဟစ်ငေါက်ငမ်းနေတော့သည်။

"ပြောတော့ ကမ္ဘာနဲ့ရင်ပေါင်တန်းချင်တယ်၊ ဘာဖြစ်ချင်တယ် ညာဖြစ်ချင်တယ်၊ အခုကြည့် ကျုပ်တို့မှာက နေ့မအားညမအား အလျှင်မီအောင် ထုတ်လုပ်နေရတယ်။ ပြည်ပဈေးကွက်ထက် သက်သာအောင် တွက်ဆနေရတယ်။ ဘေးထွက်စက်သုံးဆီတွေ၊ စွန့်ပစ်ပစ္စည်းတွေက ကုမ္ပဏီက လိုက်လုပ်စရာလား။ ရှေ့မှာထွက်ကုန်က ဒီလောက်အရေးကြီးနေတဲ့ဟာ။ ဒီသောက်လုပ်မရှိ သောက်ကိုင်မရှိတဲ့လူတွေက ထစ်ခနဲရှိ စက်သုံးဆီအဟောင်းတွေ၊ စွန့်ပစ်ပစ္စည်းတွေပဲ လာထိခိုက်နေတယ်။ ကမ္ဘာမှာ ဒီလိုသာဆို ဘယ်စက်ရုံမှ လည်ပတ်နိုင်မှာမဟုတ်ဘူး။ သောက်ရေးမပါတာတွေ၊ ဟေ့ ဇော်မင်း ဒီစာဘယ်နေ့က ရောက်လာတာလဲ"

ဥက္ကဋ္ဌက စကားပြောနေရာမှ ကောက်ခါငင်ကာ မေးလိုက်သောစကားကြောင့် စီမံဌာနမှ တူဖြစ်သူ ကိုဇော်မင်းက ပါဝါမျက်မှန်ကို ပင့်ရင်း မှတ်တမ်းစာအုပ်ကိုဖွင့်၍ အဖြေပေးလုလု …

"အို နေပစေကွာ။ ဘာမှ သောက်ရေးမပါတာတွေ၊ ကျုပ်တို့ကပဲ ဒီမြစ်ကြီးကို ဖျက်ဆီးနေတယ်ပေါ့လေ။ ပြောလိုက်ရရင် မကောင်းဖြစ်တော့မယ်။ တစ်နေ့တစ်နေ့ ဒီမြစ်ကိုစွပဲ လာလာပြဿနာရှာနေကြတယ်။ အခွန်ဆောင်တော့ ကျုပ်တို့ဆောင်ရတယ်။ စက်မှုလက်မှုတိုးချဲ့ဟေ့ ဆိုရင် ကျုပ်တို့ပဲ မရမက လုပ်နေကြရတယ်။ ဝန်ထမ်းတွေ ဖူလုံအောင်၊ သူများကုမ္ပဏီတွေနဲ့ ယှဉ်နိုင်အောင် ဈေးကွက်ကျယ်ပြန့်အောင် ဘယ်တစ်ကောင်တစ်မြီးမှ လာမကူညီကြဘူး။ ဘာမဟုတ်တာနဲ့ အသံကောင်းဟစ်ပြီဆိုရင် သင်းတို့ရှေ့ဆုံးက။ ပြောတော့ လေတစ်လုံးမိုးတစ်လုံး ကိုယ့်အိမ်ဝန်းကျင်က သန့်ရှင်းရေးပဲ အရင်လုပ်ကြပါဦး။ သူများယောင်တိုင်း လျှောက်ယောင်နေကြတဲ့ဟာတွေ။ ဒီတစ်ခါ စာလာပို့ရင် ပြန်ပို့လိုက်၊ အားနေရင် စက်ရုံမှာ လုပ်အားပေး

mgyoe.com

mgyoe.com SAMPLE BOOK

လာလုပ်လို့။ မြစ်ကိစ္စက ဘာမှပူမနေနဲ့။ မြစ်က သူ့ဟာသူစီးနေတာ အလုပ်မရှိ အလုပ်ရှာမနေနဲ့လို့၊ သောက်ရေးမပါတဲ့ဟာတွေ''

ဥက္ကဋ္ဌက ပေါက်ကွဲရင်း ပြန်၍ထိုင်ချလိုက်သည်။ ကိုဇော်မင်းက မှတ်တမ်းစာအုပ်တွင် ရေးမှတ်နေသည်။ ထိုကိစ္စက ထိုမျှနှင့် ပြီးပြတ်သွားမည်မဟုတ်။ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးအဖွဲ့မှ ကျွမ်းကျင်ပညာရှင်များက စက်ရုံ၏စွန့်ပစ်စက်သုံးဆီပေါင်းများနှင့် ပစ္စည်းများကိစ္စအတွက် ဆွေးနွေးလိုပါကြောင်း ကမ်းလှမ်းလာခဲ့သည်။ ထိုကိစ္စမှာ မိမိတို့စက်ရုံတစ်ရုံတည်း မဟုတ်ပါချေ။ မြစ်အနီးတစ်ဝိုက်တွင် အခြေစိုက် လည်ပတ်နေသော စက်ရုံအားလုံးကို အလုညံ့ကျဆွေးနွေးပေးနေခြင်းပင်။ သို့ရာတွင် ဤစက်ရုံ၏ ရေဆိုးစွန့်ပစ်လမ်းကြောင်းနှင့် စွန့်ပစ်ပစ္စည်းများမှာ နဂိုကပင် နည်းလမ်းမကျမှန်း ဥက္ကဋ္ဌကိုယ်တိုင်သိပြီးဖြစ်သည်။ သို့ရာတွင် ဆယ်နှစ်တာကာလအတွင်း မည်သည့်ပြဿနာတစ်စုံတစ်ရာမျှ မပေါ်ထွန်းခဲ့ပါချေ။

သည်ဖက်နှစ်တွင် မြစ်နှင့်ပတ်သက်၍ မီဒီယာထက်၌ ကြိမ်ဖန်များစွာ သတင်းနှင့်ဓာတ်ပုံများပါလာသည်။ NGOအဖွဲ့များနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးအဖွဲ့ဝင်များထံမှ ကိုယ်ထူကိုယ်ထ မြစ်ကြောတစ်လျှောက် သန့်ရှင်းစင်ကြယ်ရေးလှုပ်ရှားမှုများ ဆက်တိုက်ဆောင်ရွက်လာကြသည်။ နိုင်ငံတကာမှပညာရှင်များ လေ့လာရေးသုတေသနခရီးစဉ်များ ပေါ်ထွက်လာသည်။ ကမ္ဘာ့လှည့်ခရီးသည်များထံမှ မြစ်အတွက် ရှေ့အလားအလာများ ဖော်ပြလာကြသည်။ အရင်းစစ်တော့ မြစ်အနီးတစ်ဝိုက်မှ စက်ရုံများလည်း လက်သည်စာရင်း၌ ပါဝင်လာခဲ့ပြီ။ ဥက္ကဋ္ဌ စိုးရိမ်နေသည်ကား ထိုပြဿနာသည် မီးခိုးကြွက်လျှောက် ဖြစ်လာနိုင်သည်။ ဒဏ်ငွေတပ်ခံရနိုင်သည်။ ကံမကောင်းအကြောင်းမလှလျှင် ကုမ္ပဏီပင် ပိတ်ပစ်ခံရနိုင်သည်။ ထို့ကြောင့် ထိုင်နေလျှင်အကောင်းသား ထသွားမှကျိုးမှန်းသိ မဖြစ်စေဖို့ ထိုဆွေးနွေးပွဲ ဖိတ်ခေါ်ချက်များကို လက်ရှောင်နေခဲ့သည်။ ဥက္ကဋ္ဌက လက်ရှောင်နေသော်ငြား ထိုအဖွဲ့များက အားမလျှော့။ စာတွေပို့သည်။ ဆွေးနွေးပွဲ ဖိတ်ကြားသည်။ ကုမ္ပဏီမှ စွန့်ပစ်သောပစ္စည်းများ၏ ဘေးထွက်ဆိုးကျိုးများကို စာရင်းဇယားပြု၍ ပေးပို့လာသည်။ အကယ်၍ ဆက်လက်ခေါင်းမာနေပါက ပတ်ဝန်းကျင်နှင့်အများပြည်သူထံ သို့ မတင်ပြဟု မပြောနိုင်။ တရားမစွဲဟု မပြောနိုင်။ စက်မှုလုပ်ငန်း၌ ဥပဒေသ ရှိသကဲ့သို့ စက်မှုလုပ်ငန်းတစ်ခု လိုက်နာရမည့် စည်းမျဉ်းစည်းကမ်းများကို သူတို့ အဖွဲ့က နောကြေနေကြသည်။ စက်ရုံမှ ဖောက်ဖျက်ကျူးလွန်နေသည့် စွန့်ပစ်ပစ္စည်းများအတွက် ဥပဒေပုဒ်မများကို အလွတ်ရနေကြသည်။ သူတို့ကသာ တရားစွဲဆို၍

mgyoe.com

mgyoe.com

ကြေညာချက်ထုတ်လိုက်ပါလျှင် ဈေးကွက်တွင်းမှ စက်မှုထုတ်ကုန်များ ဈေးကွက်ရပ်ဆိုင်းသွားပေမည်။

ဥက္ကဋ္ဌသည် တဖြည်းဖြည်းနှင့် သွေးပြန်အေးလာသည်။ စောစောက ဆူပွက်နေသော ဒေါသမီးတို့က ပေါက်ကွဲပြီးသွားချိန်တွင် ပြန်၍ တွေးတောဖွယ်ရာများကို သတိရလာသည်။

"အေး ကျုပ်တို့ဘက်က သူတို့နဲ့ဆွေးနွေးရာမှာ ဘာ ကတိကဝတ်မှ မပေးနိုင်တာကို ကြိုပြောထားချေ။ နဂိုကမှ ဘဏ်ချေးငွေက ခက်ခဲနေရတဲ့အထဲ၊ ရှယ်ယာဝင်တွေကလည်း ဒီစွန့်ပစ်ပစ္စည်းအတွက် မြေဝယ်ရမယ်၊ ကန်တူးရမယ်၊ စနစ်တကျလုပ်ရမယ်ဆိုရင် ကုန်ကျစရိတ်က မိုးထိုးနေမှာ။ ဒါကလည်း တစ်နှစ်တည်း ပြီးမယ့်ကိစ္စမဟုတ်ဘူး။ နှစ်တိုင်း ဖြေရှင်းရမယ့်ကိစ္စ။ ခက်တော့ ခက်တာပဲ။ အေးလေ၊ မဆွေးနွေးပြန်ရင်လည်း ပြီးမှာမှမဟုတ်တာ။ ကဲ မောင်ဇော်မင်းရေ၊ မင်းပဲ ကြည့်ကောင်းသလို လုပ်လိုက်ကွာ။ တတ်နိုင်သမျှ အချိန်ဆွဲနိုင်လေ ကောင်းလေပဲ"

ကိုဇော်မင်းက အဖြေပေးရခက်သွားသည်။ တတ်နိုင်သမျှ အချိန်ဆွဲရမည်ဟူသည်ကို လက်ခံကျင့်သုံးခဲ့သည်မှာ နှစ်နှစ်ကျော်ခဲ့ပြီ။ ယခုတော့ အချိန်ဆက်ဆွဲ၍မရတော့ပြီ။

ဥက္ကဋ္ဌက အစည်းအဝေးပြီးပြီဟု သတ်မှတ်ကာ ထွက်ခွာသွားလေပြီ။ ကျန်လူများလည်း အသီးသီးထွက်ခွာသွားကြပြီ။ ကိုဇော်မင်းနှင့် အစည်းအဝေးမှတ်တမ်းရေးသူတစ်ဦးသာ ကျန်ရစ်ခဲ့တော့သည်။ အစည်းအဝေးဆုံးဖြတ်ချက်အရ ဆောင်ရွက်ရန် တာဝန်၌ သဘာဝပတ်ဝန်းကျင်မှ တာဝန်ရှိသူနှင့် ဆွေးနွေးရန်ဟု ရေးမှတ်ထားပြီး ဆွေးနွေးရမည့်သူနေရာ၌ ဇော်မင်းဟု ရေးသားပြီးလေပြီ။

ကိုဇော်မင်းက ဦးလေးဖြစ်သူဥက္ကဋ္ဌ ပြန်ပေးသွားသော စာရွက်ကို ယူကြည့်လိုက်ပါသည်။ စာရွက်၏အောက်ခြေ၌ ဆွေးနွေးပွဲဖိတ်ခေါ်သူ၏အမည်နှင့် လက်မှတ်ကို ကြည့်လိုက်မိသည်။ ဒေါ်ငြိမ်းနု ဟုရေးထိုးထားသည်ကို တွေ့ရသည်။

"ဒေါ်ငြိမ်းနု"

ကိုဇော်မင်းက နှုတ်မှ တိုးတိုးလေး ရွတ်ဆိုမိသည်။

"ငြိမ်းနုများလား၊ ဟုတ်မယ် မထင်ပါဘူး။ ငြိမ်းနုက စင်ကာပူမှာပဲလို့ ကြားထားတာ"

သူက ဆက်၍မစဉ်းစားတော့ဘဲ ဆက်သွယ်ရမည့်လိပ်စာကိုသာ လိုက်လံရေးမှတ်လိုက်ပါတော့သည်။

□

mgyoe.com

mgyoe.com SAMPLE BOOK

# အခန်း (၄)

"မဟုတ်ပါဘူး အန်ကယ်၊ ကျွန်တော်တို့က ကိုယ့်သဘောနဲ့ကိုယ် ဆန္ဒပြုသူတွေကို လွှတ်တာပါ။ ပြီးတော့ နယ်သတင်းထောက်ဆိုတာ ဘယ်လောက် ပင်ပန်းခက်ခဲတယ်ဆိုတာ သင်တန်းမှာလည်း မကြာခဏ ပြောပြီးသားပါ။ အခု မိမိဆန္ဒနဲ့ မိမိဘာသာ သွားချင်သူက သုံးယောက် ဖြစ်နေတယ်။ အဲဒါကြောင့် သုံးယောက်စလုံးကို အချင်းချင်းညှိနှိုင်းခိုင်းလိုက်တာ၊ ကျွန်တော်တို့က ရွေးပြီး လွှတ်တာမဟုတ်ပါဘူး"

အယ်ဒီတာဦးစိုးအေးစကားကြောင့် ဦးကောင်းမြတ် စဉ်းစားနေမိတော့သည်။ မြေးမစုကို သတင်းထောက်ဘဝရောက်အောင် သူကိုယ်တိုင် ပံ့ပိုးပေးခဲ့ပြီးပြီ။ တိုက်မှ ပေးသော လစာကသပ်သပ်၊ သူကိုယ်တိုင်ပံ့ပိုးကူညီသော လစာကသပ်သပ်ပေး၍ အပျော်တမ်းသတင်းထောက်အလုပ်ကို အားပေးကူညီခဲ့သည်။ အင်တာနက်မှ တွေ့ရသမျှ သတင်းဦးသတင်းထူးဆိုလျှင် မြေးမစုထံသို့ ဆက်သွယ်ပေးပို့သည်။ သတင်းတစ်ပုဒ်၏ အရေးပါမှု၊ အဖိုးတန်မှုကို ပို၍သိနားလည်စေခဲ့သည်။

သူက ယနေ့ခေတ်ကို အားကျကျေနပ်နေမိသည်။ ပွင့်လင်းသာယာသောခေတ်၊ သိသာမြင်သာသောခေတ်၊ လွတ်လပ်တက်ကြွသောခေတ်၊ မီဒီယာတန်ဖိုးရှိသောခေတ်၊

mgyoe.com

mgyoe.com
SAMPLE BOOK


မို့ မြေးမစုရဲ့ သတင်းထောက်ဝါသနာအညွှန့်လေးကို မြေတောင်မြှောက်ပေးခဲ့သည်လေ။

"အန်ကယ်ဆန္ဒက မသွားစေချင်လို့လားခင်ဗျာ"

"ဗျာ ကျွန်တော်လား"

သူ အံ့အားသင့်သွားသော်ငြား အယ်ဒီတာက သူ့ဆန္ဒကို တောင်းခံနေသည်။

"ကျွန်တော့်အနေနဲ့တော့ ပြောရလည်းခက်ပါတယ် ဆရာရယ်။ ကျွန်တော့်မှာက ဒီမြေးတစ်ယောက်ထဲရှိတာ။ ကချင်ပြည်နယ်ဆိုတာ ကျွန်တော့်ဇာတိပါ။ လွှတ်ရမှာက မဝံ့မရဲဘဲ။ ပြီးတော့ ကျွန်တော် ဒီအသက်အရွယ်ကျမှ ချွေးမကို လိမ်ရမှာခက်နေတယ်"

"ဟုတ်လား အန်ကယ်"

အယ်ဒီတာက ပြန်၍ အံ့အားသင့်နေသည်။

"ကျွန်တော် ဒီမှာ သူ့ကို အပျော်တမ်းသတင်းထောက် လုပ်ခိုင်းတုန်းက လစာကို အပိုပံ့ပိုးပေးရတာ ဘာပြဿနာမှမရှိဘူး။ သူ့ကို ဒီအတိုင်းလည်း မုန့်ဖိုးပေးနေတာပဲလေ။ အခု သူက သူ့အမေကို ရွှေလုပ်ကွက်တွေ လေ့လာချင်တယ်ဆိုတာ သူ့အမေ သဘောကျအောင် ပြောထားတာ၊ ကျွန်တော်က သိနေတယ်၊ သူ ကချင်ပြည်နယ်ကို လေ့လာချင်တာ အဓိကပါ။ ရွှေတွင်းက သွားလို့ကောင်းအောင် အကြောင်းပြတာပါ"

အယ်ဒီတာက ဆက်၍ နားထောင်နေသည်။ ဦးကောင်းမြတ်က သူတို့မိသားစုအတွင်းကိစ္စများကို ကျကျနန ရှင်းပြနေပါတော့သည်။ စုစုမြတ် ဘာကြောင့် ရွှေလုပ်ကွက်များဆီ သွားချင်နေသည်ကို တဖြည်းဖြည်း သဘောပေါက်လာခဲ့ပြီ။

မှန်သည်။ စုစုမြတ် တကယ်သွားချင်နေသည်က ကချင်ပြည်နယ် သဘာဝဘေးမဲ့ တောများနှင့် မြစ်ဆုံဒေသ။ မေခ မလိခ မြစ်ရိုးတစ်လျှောက်ဒေသများကိုခြေဆန့် ချင်နေသည်။ စုစုမြတ် တင်ပြလာသည့် သတင်းပုံရိပ်များသည်လည်းများသောအားဖြင့် ကချင်ပြည်နယ်နှင့် ဆက်စပ်သော သတင်းက များလှသည်။

"ကျွန်တော် သဘောပေါက်ပြီ အန်ကယ်။ စုက သူ့အမေကို ရွှေလုပ်ကွက်တွေဆီ သွားချင်တယ်ဆိုတော့ သူ့အမေက ဘာမှမသိတော့ တကယ် ထင်တာ။ အန်ကယ်က သူ့အကြောင်း သိနေတော့ သူ ဘယ်ကို သွားချင်နေတာကို သိတာပေါ့။ အန်ကယ် စိတ်ပူမှာကို ကျွန်တော် ကိုယ်ချင်းစာပါတယ်။ ကျွန်တော်တို့ဘက်ကလည်း သတင်းဇာစ်မြစ် အဓိကနေရာကို လူလွှတ်တာပိုထိရောက်လို့ ကြေငြာလိုက်တာ။ ရွေးခန့်တယ်။ ရွေးပြီးလွှတ်တယ်ဆိုရင် ကာယကံရှင်ဘက်က ဆန္ဒမရှိမပါဘဲ ဖြစ်နေ

mgyoe.com

mgyoe.com SAMPLE BOOK

မှာလေ။ စု က ဟိုနှစ်ယောက်ကို ဘယ်လို စည်းရုံးလိုက်သလဲ မသိဘူး။ စုကို လွှတ်ဖို့ ဖြစ်လာတော့တာပဲ အန်ကယ်ရေ။ အခု အန်ကယ်က စိတ်ပူနေတော့ ကျွန်တော် ပြန်စဉ်းစားရတော့မှာပေါ့''

''မဟုတ်ပါဘူးဆရာ။ ကျွန်တော် ဆရာတို့ကို နားလည်ပါတယ်။ အခုလို ရှင်းရှင်းလင်းလင်း သိရတာလည်း ပိုကောင်းပါတယ်။ သူ့အကြောင်းကို ကျွန်တော် သိတယ်။ ကျွန်တော်သာ တားရင် သူနဲ့ကျွန်တော် တစ်သက်လုံး ရှင်းလို့ပြီးမှာ မဟုတ်ဘူး။ ကျွန်တော့်ကို ရန်လုပ်နေမှာဗျ''

အယ်ဒီတာက ခေါင်းညိတ်၍ထောက်ခံပါသည်။ သည်မြေးအဘိုးနှစ်ယောက် အကြောင်း သူ ပို၍ပို၍ နားလည်လာခဲ့ပြီကော။ မြေးမက သတင်းထောက်ဖြစ်ချင်သူ။ အဘိုးက မြေးမကို အစစ ပံ့ပိုးကူညီသူ။ သတင်းတစ်ပုဒ်ကိုပင် ခေါင်းချင်းဆိုင်၍ တွေးတောကြံဆတတ်သည့် မြေးအဘိုးပင်။

''ခက်တာက သူ သွားချင်တဲ့ဒေသကလည်း ကိုယ့်ဇာတိဆိုတော့ သွားစေချင်တာ အမှန်ပဲ။ ဒါပေမဲ့ နယ်မြေဒေသ သတင်းအမြစ်လိုက်လို့ အဆင်မချောရင် ကျွန်တော် စိုးရိမ်တယ်ဆရာ၊ အဲဒါပါ''

''ဟုတ်ကဲ့''

အယ်ဒီတာနှုတ်ဖျားမှ ထို့ထက်ပို၍ မပြောနိုင်။ ယနေ့ကာလသည် ရွှေလုပ်ကွက်များ၊ သဘာဝဘေးမဲ့တောများ၊ မေခ မလိခမြစ်ကြောတစ်လျှောက်မှ သတင်းရင်းမြစ်များက အရမ်းကို အရေးကြီးနေသည်။ ထို့ကြောင့်ပင် သတင်းထောက် စေလွှတ်နေရသည်။ ထိုနယ်မြေမှ မျက်မှောက်ဖြစ်ပေါ်နေသော သတင်းအစစ်အမှန်ကိုရဖို့ လိုအပ်နေသည်။ ဂျာနယ်တိုက်အနေဖြင့် သတင်းသည် ပထမ၊ လုံခြုံရေးသည် ဒုတိယ၊ အခက်အခဲသည် တတိယဖြစ်နေသည်။ အဓိကအားဖြင့် မိမိတို့ စေလွှတ်လိုက်သော သတင်းထောက်၏ပတ်ဝန်းကျင် ပေါင်းသင်းဆက်ဆံရေးသည် မည်သို့ရှိမည်ကို မခန့်မှန်းနိုင်။ ထိုဒေသသည်ကား သတင်းရင်းမြစ်တို့ ဆူညံပေါက်ကွဲနေသည်။ နေ့စဉ်နှင့်အမျှ သတင်းမျိုးစုံထွက်ပေါ်နေသည်။

''သူ အဲဒီကိုသွားရင် ဒေသခံမဟုတ်တဲ့အတွက် ခက်ခဲမှာကို ကျွန်တော် စိုးရိမ်မိတယ်ဗျ။ အဲဒီနယ်မြေက လူပေါင်းသောင်းခြောက်ထောင် ဖြစ်နေလို့ပါ''

ဦးကောင်းမြတ်က တွေးဆ၍ပြောပြခြင်းပင်။

အယ်ဒီတာက ခေါင်းညိတ်ပါသည်။

''သတင်းရင်းမြစ်ရဖို့ဆိုရင် အဲဒီလိုနေရာမျိုးကိုသွားရတာ သတင်းသမားရဲ့ တာဝန်ပဲလေ။ အန်ကယ်က မေးချင်လိမ့်မယ်။ ယောကျ်ားလေးသတင်းထောက်

mgyoe.com

mgyoe.com
SAMPLE BOOK


ဘာလို့ မလွှတ်တာလဲလို့။ ကျွန်တော်တို့အတွက် လက်ရှိအခြေအနေက မိန်းကလေး သတင်းထောက်က ပိုအားထားနေရလို့ပါ။ ပြဿနာတစ်စုံတစ်ရာ မဖြစ်ဖို့ကိုတော့ ဆုတောင်းရမှာပဲ။ တကယ်လို့ အန်ကယ့်အနေနဲ့ မလွှတ်ချင်ဘူးဆိုရင် တားပိုင်ခွင့် ရှိပါတယ်''

ဦးကောင်းမြတ်က ခေါင်းခါယမ်းနေပါသည်။

မြေးမစုအကြောင်း သူ ကောင်းကောင်းသိသည်။ ငယ်စဉ်တောင်ကျေး ကလေးဘဝကစ၍ သူ ပြောပြလာသည့် ရေခဲတောင်ဒေသအကြောင်း၊ ရှားပါးသစ်ခွ တွေအကြောင်း၊ သားမင်း၊ ချေနက်၊ တောင်ဆိတ်နီတို့အကြောင်း၊ မြစ်ကြောင်း တစ်လျှောက် ငါးဖမ်းရသည့်အတွေ့အကြုံများအကြောင်း၊ မြစ်ဆုံဝန်းကျင်တစ်ဝိုက် မှ အံ့မခန်းလှပသာယာသော သဘာဝပတ်ဝန်းကျင်အကြောင်းတို့သည် မြေးမစု၏ အိပ်ယာဝင်ပုံပြင်များသာ။

မြေးမစု၏ အတွင်းစိတ်၌ ကချင်ပြည်နယ်သည် နတ်သမီးနန်းတော်ဖြစ်၍ နေခဲ့ပြီ။ သတင်းမီဒီယာများထက်၌ ကချင်ပြည်နယ်နှင့်ပတ်သက်သော သတင်းဆို လျှင် ဖတ်ကြည့်ရုံသက်သက်မဟုတ်။ စုဆောင်းသိမ်းဆည်းကာ မှတ်တမ်းဖိုင် လုပ်တတ်သည့် အလေ့အထကို သူကိုယ်တိုင် ပျိုးထောင်ပေးခဲ့သည်။

ယခုတော့ မြေးကို တား၍ရမည်မဟုတ်တော့ချေ။

❑

ကိုမြတ်မင်းနားထဲတွင် စကားပြောသံတိုးတိုးလေး ကြားနေရသည်။ ပထမ တော့ အိပ်မှုန်စုံမွှားဖြစ်နေသောကြောင့် တဲအပြင်မှစကားသံကို မကြားတစ်ချက် ကြားတစ်ချက် ဖြစ်နေသေး၏။ သို့ရာတွင် စကားပြောသံက နားထဲသို့တိုးဝင်နေ သည်။ ထို့ကြောင့် သူ ပို၍ နားစွင့်နေမိသည်။ စကားသံမှာ ထမင်းဆိုင်၏ အနောက် ဘက်မှ လာနေခြင်းပင်။

သူ လက်နှိပ်ဓာတ်မီးကို စမ်းပြီးကာမှ မဖွင့်သေးဘဲ ခေါင်းထောင်၍ ထမင်း ဆိုင်ထဲသို့ အကဲခတ်လိုက်သည်။ အားလုံး အိပ်မောကျနေဆဲပင်။ သူ ကွပ်ပျစ်ပေါ်မှ အသံမကြားအောင်ထရင်း ထမင်းဆိုင်နောက်ဖေးဆီသို့ တရွေ့ရွေ့ တိုးဝင်လာခဲ့၏။ စကားသံက တိတ်သွားခဲ့လေပြီ။ သူ ခြေဆက်မလှမ်းဘဲ တံခါးဆီသို့ စောင့်ကြည့် နေမိသည်။ ခြေသံလုံလုံကြားရပြီး ဝါးတံခါးက ညင်သာစွာပွင့်ပြီးနောက် လူ တစ်ယောက် တိုးဝင်လာသည်ကို တွေ့ရ၏။ သူရပ်နေသည်နှင့် အလှမ်းကွာနေသော်ငြား

mgyoe.com

mgyoe.com SAMPLE BOOK

ဝင်လာသူကို သူသိနေသည်။ ထိုလူက ကွပ်ပျစ်ပေါ်သို့ ခြေသံလုံလုံဖြင့် တက်လာပြီး အိပ်ရာနေရာတွင် ပြန်၍ တိုးဝင်လဲလျောင်းနေတော့သည်။

ကိုမြတ်မင်း တိတ်တဆိတ်ပင် စောင့်ကြည့်နေလိုက်ပြီးမှ ကွပ်ပျစ်ပေါ်သို့ အသာတက်ကာ အိပ်ယာထက်တွင် စဉ်းစားနေတော့သည်။ ညသည်ကား နှစ်နာရီ အချိန်ဖြစ်သည်။ ရွှေလုပ်ကွက်များလည်း အနားယူနေချိန်ဖြစ်သည်။ ကိုမြတ်မင်း အတွေးစကို ဖြတ်၍ အိပ်ပျော်ရန် ကြိုးစားကာ ဆက်၍အိပ်စက်ရန် မျက်လုံးအစုံကို မှိတ်ထားလိုက်ပါတော့သည်။

သူ တစ်ဖန် နိုးလာချိန်တွင် ညအိပ်ဧည့်သည်များ အလုပ်ခွင်အသီးသီးသို့ ထွက်ခွာရန် ပြင်ဆင်နေကြလေပြီ။ နူးက မပေါ့မပါးဖြင့် ထမင်းကျော်ဒယ်အိုးကို ခပ်ကာခပ်ကာ မွှေနေသည်။ မွှေနေသည့်ကြားမှပင် တစ်ယောက်စီအတွက် ပန်းကန် ထဲသို့ ထမင်းကြော်များ ခူးခပ်နေ၏။ လောဟိုက ခူးပြီးသော ပန်းကန်များကို စားပွဲပေါ်သို့ လိုက်ချပေးနေသည်။ ကိုမြတ်မင်း မျက်နှာသစ်ပြီးချိန်တွင် စားပွဲ၌ ပြင်ဆင်ထားသော ကော်ဖီမစ်နှင့် ထမင်းကြော်ပန်းကန်ကို တွေ့ရသည်။

နူးက မောပန်းနွမ်းနယ်စွာဖြင့် စားပွဲတစ်ဖက်၌ ထိုင်ရင်း ခါးကိုလက်ဖြင့် ထောက်လျက် ထိုင်နေရှာသည်။

"ပင်ပန်းသွားပြီလား ညီမလေး၊ ခါးနာလို့လား"

သူ့အမေးကို နူးက မျက်နှာထားဖြင့်ဖြေသည်။

"ဇော်ဟိုး ပြန်လာတော့မှာပါ။ ဒီနေ့ပဲ ရက်နှစ်ဆယ်ပြည့်ပြီ"

"တောင်ပေါ်လမ်းတွေ ပျက်နေတယ် အစ်ကိုရဲ့၊ မနေ့ကပဲ တောင်ပေါ်က ဆင်းလာတဲ့လူတွေ ပြောတယ်"

နူးမျက်ဝန်းများက တစ်မုဟုတ်ချင်းပင် အရည်လဲ့လာသည်။ ဂျိမ်းဖော တိုင်းရင်းသူလေးပေမို့ ဝမ်းနည်း ဝမ်းသာ ခံစားချက်ကို ဟန်မဆောင်နိုင်ရှာ။

"အစ်မ ကျုပ် ထင်းသွားစည်းဦးမယ်"

လောဟိုက ပန်းကန်များ သယ်လာပြီး စားပွဲပေါ်ချရင်း လှမ်း၍ပြောလာသည်။ နူးက လက်ပြရင်း သွားခွင့်ပြုလိုက်၏။

"နေ့လယ်စာ မချက်ရသေးဘူးမို့လား၊ အစ်ကို ဝိုင်းလုပ်ပေးမယ်"

ကိုမြတ်မင်းက ထမင်းကြော်စားရင်း ပြောလိုက်ခြင်းပင်။ နူးက ကျေးဇူး တင်သောအကြည့်ဖြင့် ကြည့်လာပါသည်။

"အစ်ကို အမြဲပဲ ချက်ပေးနေတာ ကျွန်မ အားနာတယ်ရှင့်"

"အစ်ကို ထမင်းချက်ဝါသနာပါတယ်။ ညီမက မပေါ့မပါးကြီးနဲ့"

mgyoe.com